မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၂၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ခြံစည်းရိုးကြက်ဆူရိုင်း၏တန်ဖိုးကိုဖော်ထုတ်ပြီး ကြက်ဆူရိုင်းစိုက်ပျိုးရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြား ကျေးလက်ဒေသမိသားစုဝင်ငွေတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအကျိုးသက်ရောက်နိုင်သည့် ကြက်ဆူရိုင်းစိုက်ပျိုးရေးလုပ်ငန်းကို ရည်မှန်းချက်ကေများရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ၃ရက် ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့ ဧည့်ရိပ်သာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲအခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။(ယာပုံ)**နှင့် ပဲခြွေစက်ကို ကြက်ဆူဆီဖြင့် လက်တွေ့ မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးစဉ်။**

(အောက်ပုံ) (သတင်းစဉ်)

- မြင်းကောင်ရေ(၉၆)ကောင်အားရှိ D.4.H အမျိုးအစား မြေထိုးစက်ကို ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)ဖြင့် တစ်နာရီလျှင် လေးဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်၊
- မြင်းကောင်ရေ ၁၂၀ အားရှိ လမ်းကြိတ်စက်ကို ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ)ဖြင့် တစ်နာရီလျှင် တစ်ဂါလန်နှုန်း အသုံးပြု မောင်းနှင်နိုင်၊
- မြင်းကောင်ရေ ၁၄၀ အားရှိ မြေတူးစက်ကို ကြက်ဆူဆီဖြင့် တစ်နာရီလျှင် ကြက်ဆူဆီငါးဂါလန် အသုံးပြုမောင်းနှင်နိုင်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေး ယခုထက်ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဦးထိပ်ပန်ဆင်ရမည့် **ဒို့တာဝန်အရေး(၃)ပါး**နှင့် **ဦးတည်ချက်များ** ချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေးစီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို စနစ်တကျ ချိတ်ဆက်ပေါင်းစပ် အကောင်အထည်ဖော်ကာ ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှမျှတတဖွံ့ဖြိုးရေးကို ရည်မှန်းပြီး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံရှိ လူဦးရေ၏(၇၀)ရာခိုင်နှုန်းခန့်နေထိုင်သော ကျေးလက်ဒေသနေ ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးကို စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းများ အဖြစ် ထမ်းဆောင်ရန် တာဝန်ပေးအပ်ထားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၁)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီလ၂၈ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေး ဦးစီးဌာန အစည်းအဝေးခန်းမဥ္စကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများကို လက်ခံပြီး အမှာစကား ပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင်–

> **"အလှူရှင်များ၏လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သော်လည်း စေတနာ၊ သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေသည်ဟု ယုံကြည်မိကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပြီး မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း"**

ပြောကြားသွားသည်။

ပထမအကြိမ်မှ ဒသမအကြိမ်အထိ အလှူရှင်၁၅၁၅ဦးက လှူဒါန်းငွေစုစုပေါင်း ငွေကျပ်၁၁၇၃၉ ဒသမ၂၄၈၁ သိန်း၊ အမေရိကန်ဒေါ်လာ ၇၄၂၅၂၊ ယူရိုငွေ ၇၇၀နှင့် အက်ဖ်အီးစီ ၁၀၀၁၂တို့လှူဒါန်းခဲ့ပြီး ယခု ဧကာဒသမအကြိမ်တွင်လည်း အလှူရှင်များက ငွေကျပ်သိန်း၁၃၂၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၂၅၀၀ လှူဒါန်းထားကြောင်း သိရှိရသည်။

စည်ပင်သာယာရေးဦးစီးဌာနမှ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ၁၀နှစ် စီမံကိန်းကို ၂၀၀၀–၂၀၀၁ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ရန်ပုံငွေ၊ စေတနာရှင် ပြည်သူများမှ လှူဒါန်းငွေ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီအလှူငွေများဖြင့် ဆောင်ရွက်နေကြောင်းသိရှိရသည်။

ထိုသို့ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် စီမံကိန်းကာလစတင်သည့် ၂၀၀၀–၂၀၀၁ခုနှစ်မှ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလကုန်အထိ အပူပိုင်းဒေသတိုင်းသုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းရှိ ကျေးရွာ ပေါင်း၈၀၄၂ ရွာအနက် ၇၄၆၇ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ၉၃ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီး ရေခက်ခဲသော ကျေးလက်ပြည်သူရှစ်သန်းခန့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းကူညီမှု၏ အကျိုးကို လက်တွေ့ခံစားနေရပြီဖြစ်သည်။

အပူပိုင်းဒေသတွင် ရေရရှိရေးဆောင်ရွက်နေသကဲ့သို့ အခြားရေခက်ခဲသော ပြည်နယ်၊ တိုင်းများ တွင်လည်း သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေး လျက်ရှိရာ ကျေးရွာပေါင်း ၁၅၁၈၃ ရွာအနက် ၇၈၆၈ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် စက်ရေတွင်းများကို ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးစား တူးဖော်သွားကြရန်နှင့် တူးဖော်ပြီးခဲ့သော စက်ရေတွင်းများကိုလည်း ရေရှည်သုံးစွဲနိုင်ရေး ပြည်သူများနှင့် ပူးပေါင်း၍ ထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၅–၂–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး၏ တရားတော် **"အပေါင်းအသင်း မလွဲပါစေနဲ့"**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ ကျန်းမာသုတ
၁၂း၂၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"မိတ်ဆွေနှစ်ဖော်"** (အပိုင်း–၂)
၀၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၀ ၈။ မိုးလေဝသသတင်း
၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၀။ လျှပ်တစ်ပြက်
၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၈)
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲ အစီအစဉ် Chelsea Vs Liverpool (Live)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅–၂–၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ သမ္ဗုဒ္ဓေစေတီနှင့် ကျောက္ကာရွှေဂူနီ
၇း၁၅ တေးဂီတအစီအစဉ်
၇း၂၀ ပြည်တွင်းသတင်းအကျဉ်း
၇း၃၀ ပြည်တွင်းရိက္ခာဖူလုံစေရာ မြေလွတ်များမှာငါးမွေးပါ
၇း၄၅ တေးဂီတအစီအစဉ်
၇း၅၀ Sunday Talk
၈း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ ရွှေစက်တော်ဘေးမှဲ့တော
၉း၀၀ တေးဂီတအစီအစဉ်
၉း၀၅ မိုးလေဝသခန့်မှန်းချက်
၉း၁၀ ဝါသနာရှင်စင်မြင့် (ဥက္ကာမင်းမောင်၊ မေခလာ)
၉း၄၅ တေးဂီတအစီအစဉ်
၉း၅၀ ပန်းလှိုင်ဆေးရုံ
၁၀း၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀ တေးဂီတအစီအစဉ်
၁၀း၂၅ Myanmar Video Rhythm
၁၁း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀ စပါး(၁)ရိတ်သိမ်းခြွေလှေ့စက်
၁၁း၁၅ တေးဂီတအစီအစဉ်
၁၁း၂၀ ဆီးချို၊ သွေးချိုရောဂါ အကြောင်း ဟောပြောချက် အပိုင်း(၁)
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၇း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၇း၅၅	Tottenham-Charlton	5-Sports(Live)
၁၀း၂၅	Chelsea - Liverpool	5-Sports(Live)
၁၂း၃၀	Final Score	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၈း၃၀	Juventus -Udinese	5-Moies(Live)

ထာဝရငွေပဒေသာပင်

တိုက် ၃၊ အခန်း ၄၀၄၊ ပိတောက်ရိပ်မွန်အိမ်ရာ၊ ၂၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးမျိုးအောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(ကာ–ပ)



ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ ၄ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီးတို့ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. D.M.M.Ranarajaက ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မင်းဓမ္မကုန်းတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားတော်မူသော လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ပဉ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် (ဖေဖော်ဝါရီ ၁၁ ရက်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဘုရားပွဲတော်ရက်မတိုင်မီ ခြင်းအလှခတ်ပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ရက်အထိလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်ပေါင်း ရှစ်မြို့နယ်မှ နှမ်းမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ၄နာရီတွင်လည်းကောင်း၊ ပဉ္စမအကြိမ်မြောက် ဗလိနတ်စာပူဇော်ပသပွဲကို ဖေဖော် ဝါရီ ၇ရက်မှ၉ရက်အထိလည်းကောင်း၊ ဘုရားပွဲတော်ကျင်းပရေး အောင်မြင်မှု အတွက် ဆရာတော်ကြီးသုံးပါးက ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ရက်အထိ နေ့စဉ် ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်း ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော် ဝါရီ၁၁ရက်နံနက်ပိုင်းတွင် နိုင်ငံတော်က ကြီးမှူးကျင်းပသော ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အလှူရှင်များပါဝင်ပြီး သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပမည်ဖြစ်သည်။ ဆွမ်းဆန်စိမ်းလောင်းလှူလိုသည့် အလှူရှင်များသည် ကျင်းပရေး ဗဟိုကော်မတီနှင့် မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော် သတ်မှတ်ရက် တိုးမြှင့်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ကို အမှတ်(၁) စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ စတုတ္ထနေ့အဖြစ် ယနေ့ဆက်လက် ကျင်းပသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ပစ္စည်းစုစုပေါင်း အမယ်(၃၃၃)မျိုးကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးလျက်ရှိရာ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဈေးပွဲတော်လာသူများအား ညစဉ် ၆နာရီမှ၈နာရီအထိ စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေခြင်းနှင့်စားသောက်ဆိုင်များကိုလည်းဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဈေးရောင်းပွဲတော်ကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်အထိ ရက်တိုးမြှင့်၍ နေ့စဉ်နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ရက်တိုးသတ်မှတ်လိုက်သည်။ **(သတင်းစဉ်)**

ကင်ဆာရောဂါကိုစောစီးစွာ သိရှိအောင်လုပ်ဆောင်ခြင်းဖြင့် ထိရောက်စွာကုသပေးနိုင် ကျန်းမာရေးပညာပေးခြင်းနှင့် အသိစိတ်များမြှင့်တင်ပေးခြင်းများ ဦးစားပေးလုပ်ဆောင် ဝေဒနာခံစားနေရသောကလေးများသက်သာပျောက်ကင်းရေး ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ဆေးရုံအုပ်ကြီးများ၊ပါမောက္ခ/ဌာနမှူးများ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပလူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက် ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၄ရက်နေ့သည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၀၀၀ ပြည့်နှစ်က ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် ကမ္ဘာ့ထိပ်သီး ကင်ဆာရောဂါတိုက်ဖျက်ရေးညီလာခံ၏ နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ ထိုနေ့ကို အကြောင်းပြုပြီး နှစ်စဉ်ဖေဖော်ဝါရီ ၄ရက်နေ့ကို World Cancer Dayဟု သတ်မှတ်ခေါ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကင်ဆာ ရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ လူနေမှုဘဝအပေါ် ကင်ဆာရောဂါ၏ ဆိုကျိုးသက်ရောက်မှုနှင့် လူနာများ ဝေဒနာ ခံစားနေရမှုတို့ကို အများပြည်သူတို့ သိရှိစေရန်၊ ကင်ဆာရောဂါ ဝေဒနာရှင်နှင့် ၎င်းတို့၏ မိသားစုများကို ကင်ဆာရောဂါကုသမှု၊ ဝေဒနာ သက်သာအောင် ပြုစုနည်းများရှင်းလင်းစွာ သိရှိနားလည်စေရန်၊ အထောက် အထား ခိုင်လုံသော ကင်ဆာရောဂါ ကာကွယ်ကုသရေး နည်းလမ်းများကို သိရှိကြစေရန်၊ နိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့ အစည်း၊ မိသားစုများက ကင်ဆာ ရောဂါဝေဒနာရှင်များအတွက် ဝန်ဆောင်မှုများပေးခြင်းနှင့် ပိုမိုကောင်းမွန်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန် ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ကြောင်း၊ နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၁၀ သန်းနှင့်အထက် ကင်ဆာ ရောဂါခံစားနေကြရကြောင်း၊ ၂၀၂၀ခုနှစ်တွင် နှစ်စဉ်လူပေါင်း ၁၅သန်း ကင်ဆာရောဂါ ခံစားကြရမည်ဟု ပညာရှင်များ ခန့်မှန်းထားကြကြောင်း၊ ကင်ဆာရောဂါကို ကာကွယ်နိုင်သလို ပျောက်ကင်းအောင်လည်း ကုသပေး နိုင်ကြောင်း၊ ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိအောင် လုပ်ဆောင်ခြင်းနှင့် ထိရောက်သော ကုသမှုရရှိပါက ပျောက်ကင်းအောင် ကုသပေးနိုင်မှာ ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် ကင်ဆာရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေး ပညာ ပေးခြင်း၊ ကျန်းမာရေးအသိစိတ်များ မြှင့်တင်ပေးခြင်းများကို ဦးစားပေး လုပ်ဆောင်ရမှာဖြစ်ကြောင်း၊ ယခုနှစ်ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်း ရေးနေ့ ဆောင်ပုဒ်မှာ“My Child Matters ”ဖြစ်ပြီး၊ မြန်မာဘာသာဖြင့် **“ကင်ဆာကင်းဝေး၊ တို့ ရင်သွေး၊ ဆောလျင်မနှေးကုသပေး”** ဟူ၍ဖြစ်ကြောင်း၊ ကလေးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါများကို ဦးတည်ထား ခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကလေးကင်ဆာရောဂါများကို ၇၅ရာခိုင်နှုန်း ပျောက်ကင်းအောင် ကုသနိုင်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ၅၀ရာခိုင်နှုန်းသာ ပျောက်ကင်းအောင် ကုသပေးနိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံး တွင် ကင်ဆာရောဂါသည် ပြည်သူများကျန်းမာရေးအတွက် ပြဿနာတစ်ရပ် ဖြစ်လာကြောင်း၊ ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်း အမှတ် အခမ်းအနားကျင်းပပြုလုပ်ခြင်းဖြင့် ပြည်သူလူထုအတွင်း ကင်ဆာ ရောဂါကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာများ ပိုမိုပျံ့နှံ့ လာမည်ဖြစ်ပြီး ကင်ဆာရောဂါကြောင့် နိုင်ငံတော်အပေါ်ကျရောက်လာမည့် ကျန်းမာရေးဝန်ထုပ်ဝန်ပိုးများ လျော့နည်းလာစေရန် ရည်ရွယ်ကြောင်း၊ ထို့ကြောင့် ကင်ဆာရောဂါ ခံစားနေရသော ကလေးများအားလုံး ရောဂါဝေဒနာသက်သာ ပျောက်ကင်းစေရန် ဝိုင်းဝန်းကြိုးစားကြခြင်းဖြင့် ကင်ဆာရောဂါဝေဒနာရှင် ကလေးများ၏ အသက်ကို ကယ်တင်ကြပါဟု ပြောကြားသွားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကင်ဆာ ရောဂါကုသရေးဆိုင်ရာ ဆေးပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဆေးပညာကင်ဆာ ရောဂါ အထူးကုသမားတော်ကြီး ဒေါက်တာစိုးအောင်က **“ယနေ့ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ကင်ဆာရောဂါဖြစ်ပွားမှုအခြေအနေ”**ကိုလည်းကောင်း၊ ကင်ဆာ ရောဂါကာကွယ် ထိန်းသိမ်းရေး စီမံချက် စီမံချက် မန်နေဂျာ၊ ဓာတ်ရောင်ခြည် ဆေးကုဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာသီတာစန်းက **“ကင်ဆာ ကင်းဝေးရန် လိုက်နာဆောင်ရွက်သင့်သည့်အချက်များ”**ကိုလည်းကောင်း၊ ကလေးကျန်းမာရေးပညာဌာန၊ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာ အေးမောင်ဟန်က**“ကလေးကင်ဆာသိကောင်းစရာ၊ ဆောလျင်သိမှ ကုသရ”** အကြောင်းကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

(သတင်းစဉ်)

ဆေးရုံများ၌အသုံးပြုရန် ပဋိဇီဝဆေးများ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ဆေးရုံများတွင် အသုံးပြုရန် ပဋိဇီဝဆေးများ လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေး ဦးစီးဌာန (ရုံးချုပ်)အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် AA Medical Product Ltd. မှ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့်က ဆေးများလှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး AA Medical Product Ltd.ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်+သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့်နှင့် သား ကိုဇော်မိုးခိုင် (Managing Director, AA Medical Product Ltd.)+ ဒေါက်တာစောယုနွယ် (Director) မိသားစုတို့က ငွေကျပ်သိန်း၂၀၀ တန်ဖိုးရှိ ပဋိဇီဝဆေးလေးမျိုးကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ **(ယာပုံ) (သတင်းစဉ်)**

ဂျပန်နိုင်ငံ တိုကျိုမြို့ အရောင်းပြခန်း၌ ဆိုနီကုမ္ပဏီက အသစ်ထုတ်လုပ်လိုက်သော ဗွီဒီယိုကင်မရာတစ်လုံးကို အရောင်းဝန်ထမ်းတစ်ဦး ဖေဖော်ဝါရီ ၂ ရက်က ပြသနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီဂျစ်နှင့်နိုင်ဂျာ၌ ပိုလီယိုကင်းစင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြေညာချက်ထုတ်ပြန်

ဂျီနီဗာ ဖေဖော်ဝါရီ ၄

အီဂျစ်နိုင်ငံနှင့် နိုင်ဂျာနိုင်ငံတို့သည် ပိုလီယိုကင်းစင်သည့် နိုင်ငံများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ဖေဖော်ဝါရီ ၂ ရက်၌ ကြေညာလိုက်သည်။

အဆိုပါ နှစ်နိုင်ငံသည် တစ်နှစ်လည်အတွင်း ပိုလီယိုရောဂါပြန်မဖြစ်နိုင်ကြောင်း၊ ပိုလီယိုရောဂါကင်းစင်ကြောင်း ကြေညာရန် လေးနိုင်ငံသာကျန်ရှိတော့ကြောင်း ယင်းနိုင်ငံများမှာ နိုင်ဂျီးရီးယား၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံများဖြစ်ကြောင်း ဒဗလျူအိပ်ချ်အို၏ ကြေညာချက်၌ ဖော်ပြထားသည်။

ပြောကြား

ယင်းကဲ့သို့ ပိုလီယိုရောဂါ ဖြစ်ပွားသည့် နိုင်ငံအရေအတွက် ကျဆင်းသွားခြင်းမှာ သုံးနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ယင်းမှာ ပိုလီယိုပပျောက်ရေး အစီအစဉ်သစ်များ ကြိုးပမ်းမှုကြောင့်ပင် ဖြစ်ကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

ဒဗလျူအိပ်ချ်အိုက ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေး ဗဟိုဌာနတို့နှင့် ၁၉၈၈ ခုနှစ်က ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း၊ ထိုစဉ်က နိုင်ငံပေါင်း ၁၂၀ ကျော်တွင် ပိုလီယိုရောဂါရှိခဲ့ကြောင်း သိရသည်။

လျော့ချ

၁၉၈၈ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်အတွင်း ပိုလီယိုရောဂါတိုက်ဖျက်ရေး ကြိုးပမ်းမှုကြောင့် နှစ်စဉ် လူ၃၅၀၀၀၀ ရှိရာမှ ၁၁၈၉ ဦးပိုလီယိုရောဂါဖြစ်ပွားမှုမှ လျော့ချနိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ၂၀၀၅ ခုနှစ်က နိုင်ဂျီးရီးယားမြောက်ပိုင်း၌ ပြန်လည်ဖြစ်ပွားလာကြောင်း၊ ယခင်ပိုလီယိုရောဂါကင်းစင်ကြောင်း ကြေညာထားသည့် နိုင်ငံ ၂၀ နိုင်ငံ၌လည်း ရောဂါဖြစ်ပွားသူ ၁၈၃၁ ဦးအထိ ပြန်လည်မြင့်တက်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

တာဂျစ်ကစ္စတန်၌ ရေခဲတုံးများပြိုကျ၊ လူ ၁၈ဦးသေဆုံး

ဒူရှန်ဘီ ဖေဖော်ဝါရီ ၄

တာဂျစ်ကစ္စတန်နိုင်ငံ၌ တောင်ပေါ်မှရေခဲ တုံးများ၊ ကျောက်တုံးများပြိုကျလာသဖြင့်လူ ၁၈ဦးသေဆုံးသွားကြောင်း အရေးပေါ်ဌာနက ဖေဖော်ဝါရီ ၁ ရက်က ပြောကြားသည်။

ယင်းသို့ပြိုကျမှုမှာ မြို့တော်ဒူရှန်ဘီ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၅၀ (၁၅၅မိုင်)အကွာရှိ ဂျာဂျီတယ်လ်ဒေသတွင်ဖြစ်ပြီး အဆိုပါဒေသတွင် လွန်ခဲ့သည့် တစ်ပတ်ကတည်းက နှင်းများထူထပ်စွာ ကျဆင်းခဲ့ပြီးနောက် ယခုကဲ့သို့ ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ကယ်ဆယ်ရေးသမားများက လူ ၃၈ဦးအနက် ၂၀ ကို ကယ်တင်နိုင်ခဲ့ကြောင်း အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ကြီးဌာနက ပြောကြားသည်။

အများဆုံး

တာဂျစ်ကစ္စတန် နိုင်ငံတွင် ဆောင်းဦးနှင့် ဆောင်းရာသီတွင် ယခုကဲ့သို့ ရေခဲတုံးများ၊ ကျောက်တုံးကျောက်ခဲများ မကြာခဏ ပြိုကျလေ့ရှိပြီး လူအနည်းငယ် သေဆုံးတတ်သော်လည်း နှစ်များစွာအတွင်း ယခုသေဆုံးသည့် အရေအတွက်မှာ အများဆုံးဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ယူဂန္ဒာနိုင်ငံ၌ ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းရေး ကုလသမဂ္ဂက ဒေါ်လာ ၆၂ သန်းထောက်ပံ့မည်

ကမ်ပါလာ ဖေဖော်ဝါရီ ၄

ယူဂန္ဒာနိုင်ငံအတွက် လာမည့်ငါးနှစ်တာကာလဖြစ်သော (၂၀၀၆–၂၀၁၀) ကာလအတွင်း ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းစေရေးအတွက် အမေရိကန်ဒေါ်လာ ၆၂ သန်းကို ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (ယူအင်ဒီပီ)နှင့် ကုလသမဂ္ဂလူဦးရေဆိုင်ရာ ရန်ပုံငွေ(ယူအင်အက်ဖ်ပီအေ)တို့က ထောက်ပံ့ရေးအကူအညီပေးမည်ဖြစ်ကြောင်း ယူဂန္ဒာနိုင်ငံမှ အစိုးရအရာရှိကြီးတစ်ဦးက ဖေဖော်ဝါရီ ၂ ရက်၌ ပြောကြားသည်။

ထောက်ပံ့ပေး

ယူအင်ဒီပီနှင့် ယူအင်အက်ဖ်ပီအေတို့က နယူးယောက်မြို့၌ မကြာမီက ကျင်းပခဲ့သော စီမံခန့်ခွဲမှုအစည်းအဝေးတွင် အဆိုပါ ထောက်ပံ့ရေးငွေကြေးများကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမှာ ယူဂန္ဒာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေး အစီအစဉ်သစ်ကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ယူဂန္ဒာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနဝန်ကြီး စီမာကူလာကီဝါနုကာ ပြောကြားသည်။

ပေးအပ်မည်

ဝန်ကြီး စီမာကူလာကီဝါနုကာသည် နယူးယောက်မြို့သို့ သွားရောက်ခဲ့သည့် ယူဂန္ဒာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး ယူအင်ဒီပီက ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၃၂ သန်းနှင့် ယူအင်အက်က်ဖ်ပီအေက ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း၃၀ကို လာမည့်ငါးနှစ်တာကာလအတွက် ယူဂန္ဒာနိုင်ငံကို ပေးအပ်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အဆိုပါ ထောက်ပံ့ငွေကြေးများကို ယူဂန္ဒာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ အခက်အခဲ အကျပ်အတည်းများ တားဆီးရေး၊ ပြန်လည်နာလန်ထူမှု ကိစ္စရပ်များတွင် အသုံးပြုရန်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ ထို့အပြင် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

လာမည့်နှစ်၌ အီရတ်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များရုပ်သိမ်းရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၄

အီရတ်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များ လာမည့်နှစ်တွင် ရုပ်သိမ်းမည့်သတင်းကောင်းကို ကြားနိုင်ဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ဖေဖော်ဝါရီ ၁ ရက်၌ ပြောကြားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ နေရပ်ပြန်ကြမည့်နည်းလမ်းကိုရှာကြံနေကြောင်း အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးသူ ၁၀၀ ပြည့်ပြီး နောက်တစ်နေ့၌ ဂျက်စထရောက ပြောကြားလိုက်ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် မိမိတို့တပ်ဖွဲ့ဝင်များရုပ်သိမ်းရေး၌ မည်သို့ဆောင်ရွက်ရမည်ကို တက်တက်ကြွကြွ ဆွေးနွေးနေကြကြောင်း ဘီဘီစီအသံလွှင့်ဌာနနှင့်တွေ့ဆုံစဉ် ဂျက်စထရောက ပြောကြားခြင်းဖြစ်သည်။

တပ်ဖြန့်ချ

မိမိအနေဖြင့် လာမည့် တစ်နှစ်တာကာလ၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းမှုကို မြင်တွေ့ရတော့မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ ဗြိတိသျှတပ်ဖွဲ့ဝင် ၈၀၀၀သည် ယခုအခါ အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၌ တပ်ဖြန့်ချထားသည်။

အီရတ်ရှိ ဗြိတိသျှတပ်မှူးများက မိမိတာဝန်ယူရသည့်ဒေသ၌ လွန်ခဲ့သည့် ရှစ်လနှင့် ကိုးလကျော်မှ စတင်၍ လမ်းဘေးဗုံးဖောက်ခွဲမှု၊ ဗုံးခွဲတိုက်ခိုက်မှုနှင့် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ပစ်ခတ်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာသဖြင့် နေထိုင်ရမှုအန္တရာယ် ကြီးမားလျက်ရှိသည်ဟု ပြောကြားသည်။

အီရတ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀သေဆုံးခဲ့ပြီးဖြစ်ရာ ၇၇ဦးမှာ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၃ဦးမှာ မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးရခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ရုပ်မြင်သံကြား သတင်းထောက်နှစ်ဦးအား အီရတ်လက်နက်ကိုင်များ ပြန်ပေးဆွဲသွားခဲ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

အီရတ်နိုင်ငံဂြိုဟ်တုဆက်သွယ်ရေး လွတ်လပ်သော ရုပ်မြင်သံကြားလိုင်းအတွက် အလုပ်လုပ်ကိုင်နေသည့် အီရတ်သတင်းထောက်နှစ်ဦးကို လက်နက်ကိုင်သမားများက ပြန်ပေးဆွဲသွားကြောင်း ရုပ်မြင်သံကြားဌာနမှ အရာရှိများနှင့် ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂ ရက်၌ ပြောကြားသည်။

အသက် ၂၃နှစ်ရှိ ရင်းဇတ်နှင့် သူမ၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ အသက် ၂၅နှစ်ရှိ မာဝမ်ခါဇာယယ်တို့သည် ဖေဖော်ဝါရီ ၂ရက်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်မှ ဆူမာရီယာရုပ်မြင်သံကြားဌာနသို့ ပြန်လာစဉ် ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

၎င်းတို့၏ ယာဉ်ထဲ၌ ဓာတ်ပုံသမားနှစ်ဦးနှင့် ၎င်းတို့၏ ယာဉ်မောင်းတို့ပါရှိပြီး အခြားကားတစ်စီးက ရှေ့မှပိတ်ရပ်ခဲ့ကြောင်း၊ လက်နက်ကိုင် လူငါးဦးသည် သတင်းထောက်နှစ်ဦးနှင့် ၎င်းတို့၏ယာဉ်ကိုပါ ယူသွားကာ ဓာတ်ပုံသမားနှစ်ဦးကိုမူ ထားခဲ့ကြကြောင်း အရာရှိက ပြောကြားသည်။

ရုပ်မြင်သံကြားဌာနသည် အီရတ်များပိုင်ဆိုင်သည့် ပုဂ္ဂလိကဌာနတစ်ခုဖြစ်ပြီး မည်သည့် နိုင်ငံရေးအုပ်စုများနှင့်မျှ အဆက်အသွယ်မရှိကြောင်း ရုပ်မြင်သံကြားဌာနက တရားဝင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နိုင်ငံ ဟစ်မြို့၌ အိမ်တစ်အိမ်အတွင်း ဝင်ရောက်ရှာဖွေရန် ကြိုးပမ်းနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြို့၌ ကားဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လူ ၁၀ဦးသေဆုံး၊ ၅၃ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

ဘဂ္ဂဒက်မြို့တွင် ဖေဖော်ဝါရီ ၂ရက်က ကားဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ၁၀ဦး သေဆုံးပြီး ၅၃ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ် ရဲတပ်ဖွဲ့ သတင်းများ၌ ဖော်ပြသည်။

ကားဗုံးပေါက်ကွဲမှုတစ်ခုမှာ ဈေးတစ်ခုအတွင်းဖြစ်ပြီး၊ နောက်ကားဗုံးပေါက်ကွဲမှုတစ်ခုမှာ ရေနံအဆောက်အအုံတစ်ခုတွင်ဖြစ်ကြောင်းသိရသည်။ ယခုကဲ့သို့ ကားဗုံးပေါက်ကွဲမှုများကြောင့် သေဆုံးဒဏ်ရာရရှိမှုမြင့်တက်လာနိုင်ကြောင်း ဆေးရုံသတင်းများက ဆိုသည်။

အီရတ် နိုင်ငံတွင် ရှီးယိုက်ဦးဆောင်သော အီရတ်အစိုးရအား ဆွန်နီလက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ဗုံးခွဲခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကားဗုံးခွဲတိုက်ခိုက်ခြင်းများ တိုးမြှင့်ပြုလုပ်လျက်ရှိသည်။

အီရတ်နိုင်ငံတွင် ဒီဇင်ဘာ ၁၅ ရက်က ပါလီမန် ရွေးကောက်ပွဲနောက်ပိုင်း တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာသည်ဟု အီရတ်နှင့်အမေရိကန် အရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ လူနေအိမ်ရာအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှစ်နိုင်ငံကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် တရုတ်နှင့် ဆွစ်ဇာလန် နှစ်နိုင်ငံသဘောတူညီ

ဘီရင် ဖေဖော်ဝါရီ ၄

တရုတ်နှင့်ဆွစ်ဇာလန်နှစ်နိုင်ငံတို့သည် အနာဂတ်ကာလတွင် နယ်ပယ်ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်ရန်နှင့် အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ရက် ကြာသပတေးနေ့၌ နှစ်နိုင်ငံ သဘောတူညီခဲ့ကြသည်။

ဆွေးနွေး

နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခဲ့ရာ ကြီးမားသော အောင်မြင်မှုများ ရရှိခဲ့သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းက ဆွစ်ဇာလန်သမ္မတ မိုရစ်ဇ်လန်ဘာဂါနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့သည်။

ပြောကြား

တရုတ်နိုင်ငံခြားရေး ဝန်ကြီး လီကျောက်ရှင်းသည် ဆွစ်ဇာလန်နိုင်ငံသို့ တစ်ရက်ကြာ အလည်အပတ်ခရီး ရောက်ရှိနေစဉ် ဆွစ်ဇာလန်နိုင်ငံနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် အရေးကြီးသည်ဟု ခံယူထားကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတကာရေးရာကိစ္စများတွင်လည်း ဆက်သွယ်မှုနှင့် ပူးပေါင်းရပ်တည်မှုများ တိုးတက်ပြုလုပ်သွားကြရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းသွားရန်လည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖိတ်ခေါ်

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ဆွစ်ဇာလန်နိုင်ငံ၏ စီးပွားရေးကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန်လည်း မစ္စတာလီကျောက်ရှင်းက ဖိတ်ခေါ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကင်ဆာဖြစ်ပွားနေသော ရင်သားအားဖယ်ရှားပြီး ဓာတ်ရောင်ခြည်ဖြင့်ကုသပါက ကင်ဆာထပ်မံ မဖြစ်ပွားဟုဆို

နယူးယောက် ဖေဖော်ဝါရီ ၄

ရင်သားကင်ဆာဖြစ်ပွားနေသူများအား ကင်ဆာရောဂါဖြစ်ပွားနေသော ရင်သားအား ခွဲစိတ်ဖယ်ရှားပြီးနောက် ဓာတ်ရောင်ခြည်ပေးပြီး ကုသလိုက်ပါက ကင်ဆာထပ်မံဖြစ်ပွားမှု မရှိနိုင်တော့ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ထုတ်ဝေသော ကင်ဆာရောဂါဆိုင်ရာ ဂျာနယ်တစ်စောင်၌ ဖေဖော်ဝါရီ ၂ ရက်တွင် ဖော်ပြထားသည်။

ထိုသို့ကင်ဆာရောဂါဖြစ်ပွားနေသည့် ရင်သားအားဖယ်ရှားပြီးနောက် ဓာတ်ရောင်ခြည်ပေးပြီး ကုသပါက နောက်တစ်ဖန်စစ်ဆေးကြည့်သည့်အခါ ကင်ဆာရောဂါဖြစ်ပွားမှု လုံးဝမတွေ့ရှိရတော့ကြောင်း ခွဲစိတ်ကုသမှုဆိုင်ရာနှင့် ဓာတ်ခွဲစမ်းသပ်မှုဆိုင်ရာ ကျွမ်းကျင်သူပညာရှင်တစ်ဦးက ပြောကြားသည်။

ယခုကဲ့သို့ တွေ့ရှိရမှုသည် ခန္ဓာကိုယ်အတွင်း ကင်ဆာရောဂါဖြစ်ပွားမှု ပျံ့နှံ့ခြင်းနှင့် ထပ်ခါတလဲလဲ ပျံ့ပွားနေခြင်းများအတွက် အရေးကြီးသော ရလဒ်တစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကင်ဆာရောဂါပြန့်ပွားမှုနှင့် ပတ်သက်၍ ၁၉၈၆ခုနှစ်မှ ၁၉၉၃ခုနှစ်အတွင်း ဂျပန်နိုင်ငံ ကင်ဆာရောဂါကုဌာန ၁၈ခုမှ ရင်သားကင်ဆာဖြစ်ပွားသူ အမျိုးသမီး ၁၉၀၁ဦးကို လက်တွေ့သုတေသနပြု ဆောင်ရွက်ခဲ့ရာမှ တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

ထိုသို့ ဓာတ်ရောင်ခြည်ကုထုံးဖြင့် ဆက်လက်ကုသမှုခံယူထားသည့် ရင်သားကင်ဆာရောဂါသည်များ၏ ၉၄ရာခိုင်နှုန်းသည် ကင်ဆာရောဂါပျံ့နှံ့ဖြစ်ပွားမှု မရှိတော့ကြောင်း ဂျပန်နိုင်ငံ အိုဆာကာ ဆေးဝါးဗဟိုဌာနမှ ဒေါက်တာ ယိုရှီဖူမီကိုမိအီကီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ရုရှားနိုင်ငံတောင်ပိုင်း၌ ပေါက်ကွဲမှုများဖြစ်ပွား နှစ်ဦးသေဆုံး၊ ၁၄ဦးဒဏ်ရာရရှိ

မော်စကို ဖေဖော်ဝါရီ ၄

ရုရှားနိုင်ငံတောင်ပိုင်း မြို့တစ်မြို့တွင် ဖေဖော်ဝါရီ ၂ရက်က ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုများမှာ ဗုံးကျည်များ ကျရောက်ပေါက်ကွဲခြင်းဖြစ်ပြီး မြောက်ကော့ကေးဆပ် ပြည်နယ်၏ ဗလာဒီကာ့ဗ်ကာဇ်မြို့လယ်တွင် ဖြစ်ပွားခြင်းဖြစ်သည်။

ရွှေ့ပြောင်း

ထိုသို့ပေါက်ကွဲမှုများဖြစ်ပွားခြင်းကြောင့် ဗလာဒီကာ့ဗ်ကာဇ်မြို့လယ်မှ ပြည်သူများကို ရဲတပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ပေါက်ကွဲ

ဗုံးကျည်ကျရောက်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိပြီး မကြာမီရက်များကလည်း ၎င်းမြို့တွင် ပေါက်ကွဲမှု သုံးကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အီဂျစ်၌ ယာဉ်နှစ်စီးတိုက် လူ၁၈ဦးသေဆုံး၊ ၂၄ဦးဒဏ်ရာရရှိ

ကိုင်ရို ဖေဖော်ဝါရီ ၄

အီဂျစ်နိုင်ငံတောင်ပိုင်း ကီနာမြို့တွင် ဇန်နဝါရီ၃၁ ရက်က ဘတ်စ်ကားတစ်စီးနှင့် ထရပ်ကားတစ်စီး တိုက်မိခဲ့သဖြင့် ခရီးသည် ၁၈ ဦး သေဆုံးပြီး အခြား ၂၄ ဦးဒဏ်ရာရရှိသွားကြောင်း မီနာသတင်းဌာနက ဖော်ပြသည်။

ယင်းသို့ဖြစ်ရခြင်းမှာ ဘတ်စ်ကားက အရှိန်ပြင်းစွာ မောင်းလာခြင်းကြောင့် ဖြစ်ကြောင်း ဒေသခံအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

တိုက်မိ

ဘတ်စ်ကားသည် ထရပ်ကားကိုတိုက်မိပြီး ကိုင်ရိုမြို့၏ တောင်ဘက်ကီလိုမီတာ ၆၄၀ အကွာ နိုင်းစီးတီးရှိ ကျေးရွာတစ်ခုမှ အယ်လ်ရာမာဒီ တူးမြောင်းအတွင်းသို့ ကျသွားခြင်းဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

ဖော်ပြ

ယခု ယာဉ်တိုက်မှုမှာ ဒုတိယအကြိမ်မြောက် ယာဉ်တိုက်မှု ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘိုလီးဗီးယား၌ ရေကြီး လူ၁၃ဦးသေဆုံး မိသားစုလူတစ်သောင်းကျော် ဘေးလွတ်ရာပြောင်းရွှေ့

လာပတ် ဖေဖော်ဝါရီ ၄

ဘိုလီးဗီးယားနိုင်ငံ၌ မိုးရာသီအတွင်း မိုးများ သဲသဲမဲမဲ ရွာသွန်းပြီး မကြာသေးမီရက်သတ္တပတ်များအတွင်း ဆိုးဆိုးရွားရွားရေကြီးလာသဖြင့် လူ၁၃ဦးထက်မနည်း သေဆုံးသွားကာ မိသားစု ၁၂၀၀၀ကျော်ကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနေရကြောင်း အစိုးရအရာရှိများက ဖေဖော်ဝါရီ၁ရက်တွင် ပြောကြားသည်။

စေလွှတ်

ဘိုလီးဗီးယားသမ္မတ အီဗိုမိုရာလီက နိုင်ငံတစ်ဝန်းလုံးသို့ အရေးပေါ်အခြေအနေများကြေညာထားပြီး နိုင်ငံအရှေ့ပိုင်းမြေနိမ့်ဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားခဲ့သည်။

ဆုံးရှုံး

မိသားစု၁၂၀၀၀မှာ အိုးအိမ်များ လက်လွတ်ဆုံးရှုံးခဲ့ရပြီး ကောက်ပဲသီးနှံများမှာလည်း ရေလွှမ်းမိုးမှုဒဏ်ခံရကြောင်း၊ ခန့်မှန်းချက်အရ မိုးမှာ ဆက်လက်၍ သဲသဲမဲမဲ ရွာဦးမည်ဖြစ်ကြောင်း လူထုကာကွယ်ရေးညွှန်ကြားရေးမှူး ဂတ်စတာဗိုင်ဒါရီလတ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်၌ အီရတ်ရဲတပ်ဖွဲ့ဝင်များ လူသေအလောင်းများတွေ့ရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

ဘဂ္ဂဒက်မြို့တွင် ညှဉ်းပန်းနှိပ်စက်မှုလက္ခဏာများဖြင့် သေဆုံးနေသည့် လူသေအလောင်း ၁၄လောင်းကို အီရတ်ရဲတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်ဟု အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

သေဆုံးသူများသည် မျက်နှာကို အဝတ်စည်းထားပြီး လက်ပြန်ကြိုးတုပ်ထားသော အနေအထားများဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

သေဆုံး

ယခုတွေ့ရှိရသည့် သေဆုံးသူများသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက တွေ့ရှိခဲ့ရသည့် သေဆုံးသူများ၏ အနေအထားအတိုင်းပင်ဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲနောက်ပိုင်း အီရတ်ပြည်သူများသည် ညှဉ်းပန်းနှိပ်စက်ခံရပြီး သေဆုံးရမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

တိုက်ခိုက်ခံရမှုကြောင့် အီရတ်ရေနံ ပြည်ပမတင်ပို့နိုင်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံမြေမှ တူရကီနိုင်ငံသို့တင်ပို့ပေးနေသော ရေနံပိုက်လိုင်းနှစ်ခုအနက် တစ်ခုကို အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခဲ့ကြသည်ဟု အီရတ်ရေနံအရာရှိများက ဖေဖော်ဝါရီ ၂ရက် ကြာသပတေးနေ့၌ ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုမှာကယ်ကွတ်မြို့အနောက်ဘက် စက်ရုံကို အသစ်တစ်ဖန် တိုက်ခိုက်ခြင်းဖြစ်ပြီး ယင်းစက်ရုံမှ တူရကီသို့ ရေနံပိုက်လိုင်းဖြင့် တင်ပို့ပေးနေခြင်းဖြစ်သည်ဟု အီရတ်ရေနံအရာရှိများက ပြောကြားသည်။

တိုက်ခိုက်

ထိုပိုက်လိုင်းသည် ပထမအကြိမ် တိုက်ခိုက်ခံရပြီးနောက် ရေနံအလုပ်သမားများက အသစ်ပြန်လည်ပြင်ဆင်ထားခြင်းဖြစ်ပြီး ယခုအခါ နောက်ထပ် တိုက်ခိုက်ခံရခြင်း ဖြစ်သည်။

ပြောကြား

ယခုကဲ့သို့ တိုက်ခိုက်ခံရမှုကြောင့် ရေနံပြန်လည်တင်ပို့မှုမှာ အချိန်မည်မျှကြာမြင့်မည်ကို မသိနိုင်သေးကြောင်း အီရတ်ရေနံအရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ရှိ ဆေးရုံတစ်ရုံ၌ ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်များကို ဖေဖော်ဝါရီ ၃ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခြံစည်းရိုးကြက်ဆူကို ဘိုင်အိုဒီဇယ်အဖြစ် ထည့်သွင်းအသုံးပြုနိုင်ပုံအားလုံးသိရှိ လျာထားချက်ပြည့်မီစေရေး မျိုးစေ့၊ မျိုးကိုင်းများ ရှာဖွေစုဆောင်းစိုက်ပျိုး

ရန်ကုန် ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့် တိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၅ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ တိုင်းမှူးအားနွားထိုးကြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလွင်က မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးနှင့်ပတ်သက်၍ မျိုးစေ့များစုဆောင်းရရှိမှု၊ ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဝိုင်းဝန်းအကောင်အထည်ဖော်

ထို့နောက် တိုင်းမှူးက ဆွေးနွေးမှာကြားရာတွင် မိမိတို့နယ်မြေများအတွင်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့များ၊ ပျိုးကိုင်းများ လုံလုံလောက်လောက်ရရှိအောင် ရှာဖွေစုဆောင်းကြရမှာဖြစ်ကြောင်း၊ မျိုးများရရှိပါကလည်း စိုက်ပျိုးသည့်အခါ စိုက်ပျိုးနည်းစနစ် မှန်ကန်ရန်လိုကြောင်း၊ မိမိတို့ဒေသအတွင်းလျာထားချက်အောင်မြင်အောင် ဌာနဆိုင်ရာ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်းဖြင့် အညာဒေသတွင် စိမ်းလန်းစိုပြည်လာပြီး ရေမြေ သဘာဝရာသီဥတုပြောင်းလဲလာမှာဖြစ်ကြောင်း၊ခြံစည်းရိုးကြက်ဆူဆီဖြင့်လောင်စာဆီအစားထိုး အသုံးပြုနိုင်သဖြင့် မိမိတို့၏ တစ်ဦးချင်းဝင်ငွေတိုးလာမှာဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူဆီကိုဘိုင်အိုဒီဇယ်ဆီအဖြစ် စက်ကိရိယာများတွင် ထည့်သွင်းအသုံးပြုပုံကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာများအနေဖြင့် ဒေသခံပြည်သူများနှင့် အောက်ခြေအထိ ကွင်းဆင်းထိတွေ့ပြီး ပူးပေါင်းဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမှာဖြစ်ကြောင်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးက မိမိ၏ တာဝန်ကိုတန်ဖိုးထား၍ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်နှင့် ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

နွားထိုးကြီးမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၅၂ တင်းစုဆောင်းထားရှိပြီး မျိုးစေ့ပျိုးပင် ၁၅၀၀၀ပင်၊ ကိုင်းပျိုးပင် ၉၇၅၀၀၀ ပင်ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်းနှင့် ၃၂၃၉ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

အင်တိုက်အားတိုက်စိုက်ပျိုး

ထိုမှတစ်ဆင့်တိုင်းမှူးနှင့်အဖွဲ့သည် တောင်သာမြို့နယ် ပဲခင်းကျော်ကျေးရွာခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ပျိုးဥယျာဉ်အတွင်း ကိုင်းပျိုးပင်များပျိုးထောင်ထားရှိမှုအခြေအနေနှင့် လမ်းဘေးဝဲယာစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား မိသားစုဝင်ငွေတိုးစေပြီး မိမိဒေသ စိမ်းလန်းစိုပြည်လာမည့် ခြံစည်းရိုးကြက်ဆူပင်အား အင်တိုက်အားတိုက် စိုက်ပျိုးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ရှိ ပန်းလှိုင် ရွှေဝါခန်းမသို့ ရောက်ရှိပြီး ခန်းမရှေ့ရှိ မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခြံစည်းရိုး ကြက်ဆူပျိုးခင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ပျိုးထုပ်များအတွင်း ခြံစည်းရိုးကြက်ဆူကိုင်းပျိုးပင်များစိုက်ပျိုးပေးပြီး မြို့နယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် တစ်အုပ်တစ်မစိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

စိုက်ပျိုးပြီး

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ခြံစည်းရိုးကြက်ဆူအစေ့ ၂၀ တင်းစုဆောင်းထားရှိပြီး အစေ့ပျိုးပင် ၆၀၅၀၀ ပင်၊ ကိုင်းပျိုးပင် ၉၇၇၁၄၀ ပင်ပျိုးထောင်စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းနှင့် အပင် ၂၇၉၀၀၀ ပင်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နာဂလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆရာတော်များပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော် ဗုဒ္ဓပူဇနိယပွဲ ကျေးဇူးတော်ရှင်ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် ၂၀၀၄-၂၀၀၅ပညာသင်နှစ်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝ တောရပရိယတ္တိစာသင်တိုက် သုကမာရမဂ္ဂဒီပနီကျောင်းဆောင်၌ကျင်းပမည်ဖြစ်ရာ တပို့တွဲလပြည့် (ဖေဖော်ဝါရီ ၁၂ရက်) တနင်္ဂနွေနေ့ နံနက် ၅နာရီမှ မွန်းတည့် ၁၂ နာရီအထိ သံဃာတော်အရှင်မြတ်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းလျက် ကြွရောက်လာကြသော ဧည့်ပရိသတ်တို့အား စတုဒိသာထမင်း/ထမနဲတို့ဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ယခင်ပြည်ထောင်စုအထက်တန်းကျောင်း(ဂ)မိုင် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ယခင် ပြည်ထောင်စု အထက်တန်းကျောင်း(၈)မိုင်၊ မရမ်းကုန်း (ရန်ကုန်)မှ ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆လမ်း အမှတ်(၂၄-ဒီ)ရှိ ဆရာကြီးဦးတိုးအောင်၏နေအိမ်၌ ကျင်းပရန် စီစဉ်ထားသည်။ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက်ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဗိုလ်မှူးကြီး ဗဟိန်း(ငြိမ်း)ဖုန်း-၅၅၈၆၇၅၊ ဗိုလ်မှူးမောင်သိန်း (ငြိမ်း)ဖုန်း-၅၇၂၀၁၅၊ဒေါက်တာဦးအေးဖေ ဖုန်း-၆၆၂၉၆၇၊ ဦးအေးဖေ ဖုန်း-၃၇၁၆၅၉၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁နှင့် ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၁၉၈၂-၁၉၈၆ ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြစဉ်။ (က-ပ)

ဝိနည်းစာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်း ကလေးမြို့တွင် မြို့နယ်သြဝါဒါစရိယ ဆရာတော်များကြီးမှူး၍ မြို့နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကို ဖေဖော်ဝါရီ ၅၊၆၊၇ ရက်တွင် (တပို့တွဲလဆန်း ၈၊၉၊၁၀) ရက်နေ့များတွင် အဆိုပါ စာတော်ပြန်ပွဲကို (၁၂)ကြိမ်မြောက်အဖြစ် တောင်ဖီလာတောရစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ စာတော်ပြန်ပွဲတွင် နှစ်စဉ် စာပြန်သံဃာ ၅၀၀ ကျော်ရှိပြီး ဝိနည်းလေးဥဒ္ဒေသ ဝိနည်းတစ်စောင်၊ နှစ်စောင်၊ သုံးစောင်နှင့်လေးစောင် ပါဠိတော်များကို ပြန်ဆိုတော်မူကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ကမာရွတ်မြို့နယ် 1.B,2 အနော်ရထာအိမ်ရာနေ ဦးကိုကြီး-ဒေါ်ခင်မိုမို၊သား အောင်မိုမောင် မိသားစုတို့က အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ ဒေါက်တာဦးကိုကို (ဣန္ဒိတံကုမ္ပဏီ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အင်အားအသင့်အတင့် မြေငလျင်လှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာစံတော်ချိန် နံနက် ၃ နာရီ ၅ မိနစ် ၅၂စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက်မိုင် ၄၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယဒေသ၊ ကပ္ပလီကျွန်းစု၊ ပို့ဘလဲယားမြို့၏ အနောက်မြောက်ဘက် မိုင် ၃၀ခန့်အကွာ ပင်လယ်ပြင်)ကို ဗဟို ပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် တပို့တွဲလဆန်းရက်
(ဥပုသ်နေ့)
၅-၂-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Say it in English

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နေခြည်နွေးနွေး"** (အပိုင်း-၂၉)
၁၂း၁၀	၅။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၂း၃၅	၆။	ရုပ်မြင်သံကြားဇာတ်လမ်း **"မြေပြန့်တောင်ပေါ် ပင်လယ်တောင်တန်း"** (ရုပ်မြင်သံကြားဝန်ထမ်းများ) (ဒါရိုက်တာ-မျိုးအေး)
၁၃း၃၅	၇။	အတီးပြိုင်ပွဲ
၁၃း၅၀	၈။	ဆက်သွယ်ဆင့်ပွားကျွန်းတောတံတား
၁၄း၀၀	၉။	အကပြိုင်ပွဲ
၁၄း၁၅	၁၀။	**"အန္တရာယ်ကင်းစေဘေးရှင်းစေ"** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)
၁၄း၄၀	၁၁။	အရေးပြိုင်ပွဲ
၁၄း၄၅	၁၂။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀	၅။	**"ကောင်းခြင်းဝေဖြာ"** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မိုမိုအေး၊ ချစ်စနိုးဦး [ဒါရိုက်တာ-ကိုအောင်မိုး(ပဲရစ်)]
၁၇း၁၀	၆။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၇။	ညနေခင်းသတင်း
၁၈း၃၀	၈။	မိုးလေဝသအခြေအနေ
၁၈း၃၅	၉။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၈း၄၅	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့လူသား"** (အပိုင်း-၈)
၁၉း၅၀	၁၁။	အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း-၁၂)
၂၀း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"**(အပိုင်း-၂၀)
	၁၆။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက်	–	၈–၂–၂၀၀၆မှ ၁၆–၂–၂၀၀၆
အချိန်	–	နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ
နေရာ	–	တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

■ ကျောဖုံးမှ

မြန်မာနိုင်ငံနေရာအနှံ့အပြား၌ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် နှစ်ရှည်ပင်တစ်မျိုးဖြစ်ကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်ကို အစေ့ချခြင်းဖြင့် လည်းကောင်း၊ ကိုင်းဖြတ်၍လည်းကောင်း စိုက်ပျိုးနိုင်ကြောင်း၊ ခြံစည်းရိုးကြက်ဆူစေ့ကို ကြိတ်၍ရရှိသည့် အဆီကို စက်သုံးဆီအစားထိုး ဘိုင်အိုဒီဇယ်အဖြစ် အသုံးပြုနိုင်ကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးခြင်းဖြင့် ခြံစည်းရိုးကြက်ဆူဆီကို စက်မောင်းဆီ၊ ဘိုင်အိုဒီဇယ်အဖြစ် အသုံးပြုနိုင်ခြင်း ကြိတ်ဖတ်ကို သြဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ သဘာဝမြေဆီ၊ မြေလွှာကို ထိန်းသိမ်းနိုင်ခြင်းနှင့် ဒေသခံပြည်သူများအတွက် ထင်းနှင့် အခြားလောင်စာ ရရှိစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခြင်းကြောင့် ခြံစည်းရိုး ကြက်ဆူပင်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြစေလိုကြောင်း၊ ရန်ကုန်တိုင်း အနေဖြင့် ၂၀၀၆ခုနှစ်မှစတင်၍ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ငါးသိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ သတ်မှတ်ဧက ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်း စိုက်ပျိုးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဲခူး တပ်နယ်မှူး ဗိုလ်မှူးချုပ်သန့်ဆွေက ခြံစည်းရိုး ကြက်ဆူပင် ပျိုးပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပဲခူးမြို့နယ် မန်နေဂျာ ဦးသန်းဦးက ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာနှင့် အသုံးဝင်ပုံကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထည့်သွင်းပျိုးထောင်

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် နယ်မြေခံ တပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် စစ်သည်မိသားစုဝင်များအား ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များ ဝေငှပေးကြပြီး ခြံစည်းရိုးကြက်ဆူစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုး ကြက်ဆူဆီဖြင့် မီးစက်ကို မောင်းနှင်၍ ရရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် ကွန်ပျူတာအသုံးပြု ပြသမှုကို လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး နည်းပညာပေး ပြခန်းကို လည်းကောင်း၊ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများက စုဆောင်းပျိုးထောင်ထားရှိသည့် ခြံစည်းရိုး ကြက်ဆူပျိုးပင်နှင့် ပျိုးကိုင်းများကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန၏ ခြံစည်းရိုး ကြက်ဆူဆီ ဖြင့် လက်တွန်းထွန်စက် မောင်းနှင် ပြသမှုကို လည်းကောင်း ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

အလုံမြို့နယ် နှလုံးသားအာရုံ (၅)ကြိမ်မြောက် ဓမ္မပူဇာပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

အလုံမြို့နယ် နှလုံးသားအာရုံ (၅)ကြိမ်မြောက် မိဘကျေးဇူးဆပ် ဓမ္မပူဇာပွဲကို လွတ်လပ်ရေးရပ်ကွက်၌ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၀ရက်၌ ဓညဝတီ အရှင်ဉာဏဝရ (ဓမ္မာစရိယ–နယ်လှည့်ဓမ္မကထိက)၊ ၁၁ရက်၌ ၁၁မီးငြိမ်းဆရာတော် အရှင်အာဒိစ္စ လှိုင်သာယာ၊ ၁၂ရက်၌ ကန္တပနဒီ အရှင်ရိန္ဒာဓိပတိ အလုံပရိယတ္တိ ပါဠိတက္ကသိုလ်၊ ၁၃ရက်၌ ထေရဝါဒသာသနာပြု ဓမ္မစေတီဆရာတော် ဦးကောသလ္လ (M.A. Buddlism)၊ ၁၄ရက်၌ ကိုးဘွဲ့ရ ဆရာတော်အရှင် အာစာရာလင်္ကာရ (ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး)၊ ၁၅ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (ဗဟုဇနဟိတရေ၊ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်)၊ ၁၆ရက်၌ ဓမ္မဒူတအရှင်ရာဇိန္ဒ ကွင်းကျောင်းစာသင်တိုက် အလုံ၊ ၁၇ရက်၌ စမုံဆိပ်ဆရာတော် အရှင်ဣန္ဒာစက္က (ဓမ္မာစရိယ)၊ ၁၈ရက်၌ တိပိဋကဓရ၊ တိပိဋကကောဝိဒ အရှင်ဂန္ဓမာလာ (မင်းကွန်းကျောင်းတိုက်၊ ဒဂုံ)တို့က ညစဉ်၆နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ရွှေတောင်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲကျင်းပ ၂၀၀၆ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၁၈၀၀ စိုက်ပျိုးသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲကို ဖေဖော်ဝါရီ ၃ရက် နံနက်၈နာရီက ရွှေတောင်မြို့နယ်ပျိုးခြံ၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်က ရွှေတောင်မြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက မြို့နယ်အတွင်း ကြက်ဆူပင် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စုပေါင်းပျိုးထောင်

ထို့နောက် ဗိုလ်မှူးချုပ်လှမင်းသည် လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူတို့အား ကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့ထုပ်များကိုပေးအပ်ပြီးနောက် ပျိုးအိတ်များအတွင်း စုပေါင်းပျိုးထောင်ပေးသည်။ ရွှေတောင်မြို့နယ် အနေဖြင့် ယခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင်ဧက ၁၈၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်မှူးချုပ်လှမင်းသည် ရွှေတောင်မြို့နယ် ရွှေတောင်ဆည်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ယခုနှစ်နွေစပါးစိုက်ပျိုးမည့် အစီအစဉ်များနှင့် ရွှေတောင်ဆည်မှ နွေစပါးစိုက်ပျိုးရေ ပေးဝေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးချုပ်လှမင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ရွှေတောင်မြို့နယ်အနေဖြင့် ယခုနှစ် နွေစပါးဧက ၅၁၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၄

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် သြဝါဒါစရိယဆရာတော်ကြီးများ၏ သြဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၈၂)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဖေဖော်ဝါရီ ၁၂ရက်မှ ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က–ပ)

အထက(၁) တာမွေ ၁၉၇၂–၇၃ ဝန်းကျင် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၅ရက်က အထက(၁) ပင်လုံခန်းမတွင်ကျင်းပရာ အသက် ၉၂နှစ်ရှိ ဆရာမကြီး ဒေါ်သိန်းဆိုင် (မမြတ်လေး)အား ကျောင်းသားဟောင်းများက ဂါရဝပြုဂုဏ်ပြု လက်ဆောင်ပေးအပ်စဉ်။ (က–ပ)

စစ်သွေးမဂ္ဂဇင်းမိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၅ခုနှစ် ဒီဇင်ဘာလမှစတင် ထုတ်ဝေခဲ့သည့် စစ်သွေးမဂ္ဂဇင်း မိတ်ဆက် ရှင်းလင်းပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ဆာကူရာတာဝါ၌ကျင်းပရာ အခမ်းအနားသို့ ဖိတ်ကြားထားသည့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ စာရေးဆရာများ တက်ရောက်ကြသည်။ **(ယာပုံ)**

မိတ်ဆက်ရှင်းလင်းပွဲတွင် အခမ်းအနားမှူးအဖြစ် ဦးဝင်းငြိမ်းက ဆောင်ရွက်ပြီး စစ်သွေးမဂ္ဂဇင်းအယ်ဒီတာချုပ် သောင်းဝေဦးက စာဖတ်ပရိသတ်များအတွက် ကျယ်ကျယ်ပြန့်ပြန့် ရေးသားတင်ပြနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၅ခုနှစ် ဒီဇင်ဘာလမှစတင်၍ စစ်သွေးမဂ္ဂဇင်းကို ထုတ်ဝေခဲ့ရာ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအထိ သုံးအုပ်မြောက် ရောက်ရှိခဲ့ပြီးဖြစ်ကြောင်းနှင့် စာဖတ်ပရိသတ်များအတွက် ရသစုံမဂ္ဂဇင်းအဖြစ် လစဉ်ဆက်လက် ထုတ်ဝေသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

စစ်သွေးမဂ္ဂဇင်းကို တာဝန်ခံအယ်ဒီတာအဖြစ် လွင်သောင်းဝေက ဆောင်ရွက်ပြီး ဆက်သွယ်ရန်လိပ်စာမှာ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း(အထက်) ၃၈ လမ်း ပလာဇာပထမထပ် ဖုန်း–၃၇၆၇၇၃ ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဗုဒ္ဓပူဇနီယနှင့်ပဋ္ဌာန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်စံပြကျေးရွာ ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိ သာသနာ့ရိပ်သာ၌ ဝိဇယရံသီအဓိဋ္ဌာန်အောင်စေတီဗုဒ္ဓပူဇနီယပွဲ၊ ရတနာသိင်္ဂီသိမ်ကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ဒုတိယအကြိမ် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ၁၀ရက်မှ ၁၂ရက်အထိ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓရံသီအား ဦးထိပ်ထားလျက်ကျင်းပမည်ဖြစ်သည်။ **(က–ပ)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း စဉ့်ကူးမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ခံတက်ပင်စိုက်ကွင်း၌ ခြစ်စည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန Lange White အမျိုးအစား ဝက်ကောင်ရေ ၁၄၀ မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းမှ ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံ အမှတ်(၁)ရှိ ခြစ်စည်းရိုးကြက်ဆူ ရိုင်းပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြက်ဆူရိုင်း တစ်ဧကလျှင် အပင် ၁၂၀၀ စုစုပေါင်းဧက ၄၀ အပင်ပေါင်း ၄၈၀၀၀ စိုက်ပျိုးထားသည့် စိုက်ခင်းသို့ ရောက်ရှိကြပြီး ကြက်ဆူရိုင်းမျိုးစေ့ပျိုးပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ယခုနှစ်စိုက်ပျိုးမည့် ကြက်ဆူရိုင်းစိုက်ဧက ၁၀၀ အတွက် မျိုးစေ့ ၁၂၀၀၀၀ နှင့် ကိုင်းထိုးမျိုး ၃၀၀၀၀ စုစုပေါင်းပင်ရေ ၁၅၀၀၀၀ စိုက်ပျိုးထားမှုနှင့် ကြက်ဆူရိုင်းပင်စိုက်ပျိုးနိုင်သည့် မြေဧကအခြေအနေတို့ကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းပြသရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ၁၀၀ ရာခိုင်နှုန်း ကြက်ဆူဆီအသုံးပြု၍ မောင်းနှင်ပြသသည့် မြေထိုးစက်၊ လမ်းကြိတ်စက်၊ မြေတူးစက်များ မောင်းနှင်သရုပ်ပြမှုကို ကြည့်ရှုအားပေးကြသည်။

မြင်းကောင်ရေ(၉၆)ကောင်အားရှိ D.4.H အမျိုးအစားမြေထိုးစက်ကို ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)ဖြင့် တစ်နာရီလျှင် လေးဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်သည့် မြင်းကောင်ရေ ၁၂၀ အားရှိ လမ်းကြိတ်စက်ကို ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ) ဖြင့် တစ်နာရီလျှင် တစ်ဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်ပြီး မြင်းကောင်ရေ ၁၄၀ အားရှိ မြေတူးစက်ကို ကြက်ဆူဆီဖြင့် တစ်နာရီလျှင် ကြက်ဆူဆီ ငါးဂါလန် အသုံးပြုမောင်းနှင်နိုင်ကြောင်း သိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေး စိန်ပန်းစက်မှုဇုန် ကျော်ပဒေသာကုမ္ပဏီလီမိတက်မှထုတ်လုပ်သော ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ)အသုံးပြုသည့် မြင်း ၁၈ ကောင်အားရှိ Jiangoong အင်ဂျင်စက်ဖြင့် ကြက်ဆူဆီကြိတ်ခွဲထုတ်လုပ်သည့် စက်အစိတ်အပိုင်းများ၊ ယင်းစက်ဖြင့် ကြက်ဆူဆီကြိတ်ခွဲ လက်တွေ့ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ) ကြိတ်ခွဲစက်ဖြင့် ကြက်ဆူဆီအဆန် တစ်တင်းကြိတ်ခွဲပါက ဇီဝဒီဇယ်ဆီ တစ်ဂါလန်နှုန်းရရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၌ကျင်းပသည့် ခြစ်စည်းရိုး ကြက်ဆူပျိုးထောင်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်အားပေးသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကြင်က မန္တလေးတိုင်းအတွင်း ၂၀၀၆–၂၀၀၇ ခုနှစ်မှ ၂၀၀၈–၂၀၀၉ ခုနှစ်အထိ ကြက်ဆူပင်ဧက ငါးသိန်း၊ ယခင်စိုက်ပျိုးထားသည့် ယာမြေ၊ လယ်မြေများမထိခိုက်စေဘဲ နည်းလမ်းခုနစ်သွယ်ဖြင့် စိုက်ပျိုးမည့်အစီအစဉ်၊ စိုက်ပျိုးမြေ၊ ပျိုးပင်၊ မျိုးစေ့များ ရှာဖွေစုဆောင်း ဆောင်ရွက်နေမှု၊ ယနေ့ကျင်းပသည့် စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ ကြက်ဆူပျိုးထောင်ပွဲတွင် ဧက ၄၀၀ အတွက် ပျိုးပင်ပေါင်း ၄၈၀၀၀၀ ပျိုးထောင်သွားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကြက်ဆူစေ့များ၊ ကြက်ဆူဆံများ၊ ကြက်ဆူပျိုးပင်များ၊ ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)တို့ကို ကြည့်ရှု

ပျိုးကိုင်းများပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၌ ကျင်းပသည့် ခြစ်စည်းရိုးကြက်ဆူပျိုးထောင်ပွဲ အခမ်းအနားတွင် မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာများ၌ စိုက်ပျိုးနိုင်ရန် ခြစ်စည်းရိုးကြက်ဆူပျိုးကိုင်းများကို မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား ပေးအပ်စဉ်။

(သတင်းစဉ်)

စစ်ဆေးကြပြီး အတွင်းရေးမှူး(၁)က မှာကြားရာတွင် နှစ်ရှည်သီးနှံခြစ်စည်းရိုး ကြက်ဆူရိုင်းမှာ မြန်မာနိုင်ငံ၏ ရေ၊မြေရာသီဥတုနှင့် ကိုက်ညီမှုတပြီး ရှေးနှစ်ပေါင်းများစွာကပင် ဒေသအနှံ့ ပေါက်ရောက်လျက်ရှိနေကြောင်း၊ ကြက်ဆူရိုင်းမျိုးရရှိရန် လွယ်ကူပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ကုန်ကျစရိတ် သက်သာစွာဖြင့် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်ကြောင်း။

ယခင်က ကြက်ဆူရိုင်းပင်မှာ ခြစ်စည်းရိုးပင်အဖြစ်သာ အသုံးဝင်နေပြီး ယင်း၏တန်ဖိုးများလည်း အလဟဿ ဆုံးရှုံးနေခဲ့ရကြောင်း။

လမ်းညွှန်မှာကြား

နိုင်ငံတော်အကြီးအကဲအနေဖြင့် ဤကဲ့သို့ အလဟဿဆုံးရှုံးနေရသည့် ခြစ်စည်းရိုးကြက်ဆူရိုင်း၏တန်ဖိုးကို ဖော်ထုတ်ပြီး ကြက်ဆူရိုင်းစိုက်ပျိုးရေး လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် ကျေးလက်ဒေသ မိသားစုဝင်ငွေတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ထိထိရောက်ရောက် အကျိုးသက်ရောက်နိုင်သည့် ကြက်ဆူရိုင်း စိုက်ပျိုးရေးလုပ်ငန်းကို ရည်မှန်းချက်ဧကများ ရရှိလာသည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင် စုစုပေါင်းအင်အား ၅၀၀၀ ကျော်နှင့်အတူ ခြစ်စည်းရိုးကြက်ဆူပင် မျိုးစေ့ပျိုးပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။

ပျိုးကိုင်းများပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁)က စဉ့်ကူးမြို့နယ်နှင့် ရပ်ကွက်နှင့် ကျေးရွာများတွင် စိုက်ပျိုးနိုင်ရန်အတွက် ခြစ်စည်းရိုးကြက်ဆူ ပျိုးကိုင်းများကို မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများက ခြစ်စည်းရိုး ကြက်ဆူပင် စုပေါင်းပျိုးထောင်နေမှုကိုလည်းကောင်း၊ ခြွေစက်၊ ထော်လာဂျီနှင့် ထွန်စက်ကြီးများက ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ) ဖြင့် လက်တွေ့မောင်းနှင်၊ ခြွေလှေ့မှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆွေးနွေးမှာကြား

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စဉ့်ကူးမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ခံတက်ပင်စိုက်ကွင်း၌ ခြစ်စည်းရိုး ကြက်ဆူဧက ၁၀၀ အတွက် ပျိုးကိုင်း ၁၂၀၀၀၀ ပျိုးထောင် အောင်မြင်နေမှုကိုလည်းကောင်း၊၊ သစ်တောဦးစီးဌာန ခံတက်ပင်စိုက်ခင်း၌ ခြစ်စည်းရိုး ကြက်ဆူ (အစေ့ကြားမျိုး) နှစ်ဧက တစ်အုပ်တစ်မ အောင်မြင်ဖြစ်ထွန်း သီးပွင့်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူ များအား ဆွေးနွေးမှာကြားသည်။ စဉ့်ကူးမြို့နယ်အတွင်း ယခင်ကပင် ကြက်ဆူ ကြားမျိုးကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိနေပြီး ယခုအခါ ခြစ်စည်းရိုးကြက်ဆူရိုင်းများကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ ယင်းမှ တစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြက်ဆူရိုင်း မျိုးစေ့ပျိုးပင်များ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ၏ ကြက်ဆူရိုင်း မျိုးစေ့ပျိုးပင်များကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

ကောင်းမြတ်သောအကျင့်စာရိတ္တ သန့်ရှင်းသောကိုယ်ကျင့်တရားမွေးမြူ နိုင်ငံနှင့်လူမျိုးအပေါ် ထာဝရသစ္စာစောင့်သိပြီး တပ်ပွဲ့ဂုဏ်ထွန်းပြောင်အောင်ရပ်တည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၅၄/၂၀၀၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီက ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

စစ်ရေးပြ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် ဝန်ကြီးက အကောင်းဆုံးကျောင်းသားဆု၊ စစ်ပညာထူးချွန်ဆု၊ ဥပဒေထူးချွန်ဆု၊ သေနတ်ပစ်ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

တက်ကြွစွာထမ်းဆောင်

ထို့နောက် ဝန်ကြီးက ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူကျင့်သုံးပြီး မှန်မှန်ကန်ကန်ရပ်တည်ဆောင်ရွက်ကြရန်၊ ပြည်သူလူထု အေးချမ်းစွာ ပရိယေသနဝမ်းစာရှာဖွေနိုင်ရေးအတွက် ပြည်သူကို အလုပ်အကျွေးပြုရင်း ကာကွယ်စောင့်ရှောက်ရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဖွံ့ဖြိုးရေးဒေသကြီး၂၄ခုဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစသည့်ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ရန်၊ အရေးကြုံလျှင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုပါ တပ်မတော်နှင့် လက်တွဲထမ်းဆောင်နိုင်ရေး အသင့်ရှိရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကျစ်လျစ်ခိုင်မာ သိပ်သည်းအောင် တပ်တွင်းစည်းရုံးရေး လုပ်ငန်းများအပြင် ပြည်သူလူထု ပူးပေါင်းပါဝင် လာစေရေးအတွက် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုပါ အထက်အကြီးအကဲများ၏ မှာကြားချက်နှင့်အညီ ဆောင်ရွက်သွားရန်၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ တိုးတက်လျက်ရှိသည်နှင့်အမျှ ခေတ်၏တိုးတက်မှုကို အမီလိုက်ပြီး ကျော်လွှားနိုင်မည့် နည်းပညာအမြင်ရှိရန်၊ အုပ်ချုပ်ရေးတံတိုင်း၊စည်းရုံးရေးတံတိုင်း၊ဖွံ့ဖြိုးရေးတံတိုင်းစသည့် တံတိုင်းကြီးသုံးရပ်တည်ဆောက်မှုကို တက်ကြွစွာ ထမ်းဆောင်ကြရန်၊ အလုပ်သင် အရာရှိငယ်ဘဝမှစ၍ဖြောင့်မတ်ဖြူစင်သောစိတ်၊ ကောင်းမြတ်သော အကျင့်စာရိတ္တ၊ သန့်ရှင်းသော ကိုယ်ကျင့်တရားကို မွေးမြူ၍ နိုင်ငံနှင့် လူမျိုးအပေါ် ထာဝရသစ္စာ စောင့်သိပြီး တပ်ဖွဲ့ဂုဏ်ရောင် ထွန်းပြောင်အောင် ရပ်တည်ဆောင်ရွက်သွားကြရန် မှာကြားသည်။

တက်ရောက်ခဲ့

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာ ဘုရားကြီးတွင် စစ်ကိုင်းတောင်ရိုး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဘဒ္ဒန္တ ဒေါက်တာအရှင်ဉာဏိဿရ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်တို့ အင်ကြင်းပင်ကို စိုက်ပျိုးပေးကြစဉ်။ (ယဉ်ကျေးမှု)

✻ ကျောဖုံးမှ

ဆက်လက်၍ ဝန်ကြီးသည် စတီးလ်ပုံဖော်ထောင်း ဌာနစိတ်ကိုလည်းကောင်း၊ ပုံထောင်းပုံပြတ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊စတီးလ်ဖွန်းနှင့် ခက်ရင်းထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် အရောင်တင်ခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖြတ်စက်ဌာနသို့ရောက်ရှိပြီး အရွယ်အစားအလိုက် စတီးလ်ပြားများအား ဖြတ်တောက်ခြင်းလုပ်ငန်းများအားလည်းကောင်း၊ ကုန်ကြမ်းဌာနရှိ ကုန်ပစ္စည်းများသိုလှောင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံမြေကွက်လပ်များ၌ သီးနှံပင်များ စိုက်ပျိုးမှုနှင့် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ခြံစည်းရိုးကြက်ဆူပင်များအား ညွှန်ကြားချက်များနှင့်အညီ တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး၊ အရိပ်ရကြီးမြန်သစ်ပင်များ စက်ရုံဝန်းကျင်၌ စိုက်ပျိုးသွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကြွေမီးဖိုနှင့် အလုဆင်ဌာနသို့ လည်းကောင်း၊ ကွန်ပျူတာဖြင့် ပန်းဒီဇိုင်းများ ထုတ်ဖော်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ချေးချွတ်ဌာနသို့လည်းကောင်း၊ ကုန်ချောထုပ်ပိုးရေးနှင့် သိုလှောင်ရုံသို့လည်းကောင်း၊ စတီးလ်အရောင်တင်ဌာနသို့လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက ဤစက်ရုံသည် မြန်မာပြည်တွင် သွင်းကုန်အစားထိုးစတီးလ်အိမ်သုံးပစ္စည်းကို ပထမဦးဆုံး ထုတ်လုပ်သည့်စက်ရုံဖြစ်ပြီး ကျေးလက်ဒေသပြည်သူများအနေဖြင့် စားသောက်ရေးပစ္စည်းများကို အဆင့်အတန်းရှိပြီး ချိုသာသောဈေးနှုန်းဖြင့် ကြာရှည်ခိုင်ခံ့သည့် ပစ္စည်းများကို သုံးစွဲနိုင်ရန် ရည်ရွယ် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ စတီးလ် အိမ်သုံးပစ္စည်း များအား အမယ်စုံ ထုတ်လုပ်ဖြန့်ဖြူးသွားရေး ကြိုးပမ်းသွားရန်မှာကြားသည်။

မြန်မာ့ အထွေထွေနှင့် ပုံပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသည့် ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်း စက်ရုံစီမံကိန်း(မင်းစု)ကိုမန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ ရွှေဂူကြီးဘုရားအနီးရှိ မြေဧရိယာ ၂၆ဒသမ၄၂ဧက၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

ထုတ်လုပ်ဖြန့်ဖြူး

ဆက်လက်၍ ဝန်ကြီးသည်မြန်မာ့ အထွေထွေနှင့် ပုံပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ တီထွင်ထုတ်လုပ်ထားသည့် ကျားစီး၊ မစီး စက်ဘီးများနှင့် ကလေးစီးစက်ဘီးများကို ကြည့်ရှု၍ ဝန်ကြီးက အများနှစ်ခြိုက်မည့် စက်ဘီးများအား ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ တိုးတက်ထုတ်လုပ် ဖြန့်ဖြူးသွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်ဆည်မြို့နယ်အင်ရောင်းကျေးရွာသို့ ရောက်ရှိပြီး မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသော ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စက်ရုံ၏ မြို့ပြဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်များ တပ်ဆင်ခြင်းလုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရေး၊ စက်ရုံဝန်းကျင်ရှိ မြေလွတ်မြေလပ်များ၌ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးသွားရေး မှာကြားပြီး စက်ရုံဝင်းအတွင်းရှိ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာနရှိ မြို့ပြဆိုင်ရာ တည်ဆောက်ပြီးစီးမှု လုပ်ငန်းများကိုလည်းကောင်း၊ ပြည်ပမှရောက်ရှိလာသော စက်ပစ္စည်းသေတ္တာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တကောင်းမြို့ လေးမျက်နှာဘုရားကြီး အထက်ဌာပနာသွင်း ရွှေထီးတော်တင်လှူ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၄

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၃၀ရက် နံနက်က မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ (အထက်မြန်မာပြည်) မန္တလေးမြို့ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ အနုပညာဦးစီးဌာနတို့မှ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၃၁ရက်တွင် မန္တလေးမြို့မှ တကောင်းမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် တကောင်းမြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားပြီး ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီတွင် တကောင်းမြို့၌ ကျင်းပသော တကောင်း မြို့ဟောင်း ယဉ်ကျေးမှုနယ်မြေ မုခ်ဦးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးသည်တကောင်းမြို့အဝင် သဲကျောက်ဖြင့် တည်ဆောက်ထားသောမုခ်ဦးကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်၊ ညွှန်ကြားရေးမှူး ဦးဝေလွင်နှင့် တကောင်းမြို့ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးဝင်းတို့က မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အလှူငွေများလက်ခံ

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က မုခ်ဦးစာတန်းကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် အမွေးနံ့သာရည်များ ပက်ဖျန်းပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ ထို့နောက် နံနက်၉နာရီတွင် တကောင်းမြို့ လေးမျက်နှာဘုရားကြီး ယာယီမဏ္ဍပ်၌ ဘုရားကြီးအတွက် အများပြည်သူများ လှူဒါန်းသော အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ဝန်ကြီးတက်ရောက်၍ အလှူငွေများလက်ခံသည်။

ဝန်ကြီးသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အတူ ဖေဖော်ဝါရီ ၂ရက် နံနက်တွင် တကောင်းမြို့ရှေးဟောင်းလေးမျက်နှာဘုရားကြီး အထက်ဌာပနာတော်သွင်း လှူ ပူဇော်ခြင်း၊ ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ပက်ဖျန်းချည်နှောင်

ရှေးဦးစွာ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ဖြင့် စတုမုခစေတီ မင်္ဂလာလေးမျက်နှာဘုရားကြီး စေတီတော်ရင်ပြင်တွင် အဋ္ဌရာယ်ကင်း ပက်ဖျန်းချည်နှောင်ပေးသည်။

ထို့နောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး စေတီတော် တည်ထားပူဇော်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

လှူဒါန်းဆက်ကပ်

ယင်းနောက် ရှေးဟောင်းလေးမျက်နှာဘုရားကြီး စေတီတော်အား လှူဒါန်းသော စိန်ဖူးတော်နှင့် ရွှေထီးတော်၊ ဌာပနာတော်များကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အမှူးရှိသော ဘုရားဒါယကာများက သံဃာတော်များထံ ဆက်ကပ်၍ လှူဖွယ်ပစ္စည်းများကိုပါ လှူဒါန်းဆက်ကပ်သည်။

သွင်းလှူပူဇော်

ယင်းနောက် ဌာပနာတော်များ သွင်းလှူခြင်းအခမ်းအနား ဆက်လက်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အမှူးရှိသော ဘုရားဒါယကာများက ဌာပနာများ သွင်းလှူပူဇော်သည်။

ထို့နောက် ရွှေထီးတော်တင်လှူပူဇော်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဦးဆောင်ဘုရားဒါယကာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အမှူးရှိသော ဘုရားဒါယကာများက စိန်ဖူးတော်နှင့် ရွှေထီးတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြပြီး သံဃာတော်များဦးဆောင်၍ ဇယမင်္ဂလာအောင်ဂါထာတို့ကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် လေးမျက်နှာဘုရားကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကိုဆက်လက်ကျင်းပရာ သံဃာတော်အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေက အနေကဇာတင် ဆောင်ရွက်တော်မူကြသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၃ရက် နံနက် ၈နာရီတွင် သပိတ်ကျင်းမြို့နယ် ဝါးရုံကုန်းကျေးရွာတွင် ကျင်းပသော နောင်တော်ကြီးစေတီ ထီးတော်ရေစက်ချခြင်းနှင့် ထီးတော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နောင်တော်ကြီးစေတီတော် ထီးတော်တင်ရေစက်ချခြင်းနှင့် ထီးတော်တင် မင်္ဂလာအခမ်းအနားအားဖွင့်လှစ်ပြီးရွှေထီးတော်အားတင်လှူသည်။ ထို့နောက် လှူဒါန်းမှုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်း (၁၇)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ Summit Park view Hotel ၌ ကျင်းပရာ အသင်းနာယက ဦးလှထွေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖက တင်ပြရာ အစည်းအဝေးတက်ရောက်သူများက အတည်ပြုကြသည်။

ယင်းနောက် ၂၀၀၆-၂၀၀၇ခုနှစ်အတွက် အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ကြရာ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များ အသင်းနာယကအဖြစ် ဦးလှထွေး (Nihon Keizai Shimbun)၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ(Mainichi)၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်(NHK)၊အတွင်းရေးမှူး ဦးသစ္စာလှထွေး(TBS)၊ တွဲဖက်အတွင်းရေးမှူး ဦးမြတ်သူရ(Kyodo News)၊ ဘဏ္ဍာရေးမှူး ဦးဟန်ထွေးအောင်(TV Asahi)နှင့် စာရင်းစစ် ဦးမင်းဇော်(Tokyo Shimbun)တို့ကို ရွေးချယ်တင်မြှောက်ကြသည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း)ဦးဝင်းတင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ တက်ရောက်ကြသည်။ **(ဓါပုံ)** **(သတင်းစဉ်)**

အနာကြီးရောဂါကင်းဝေးရေး နှစ်(၅၀)ခရီး

ဒေါက်တာကျော်မြင့်
(စီမံချက်မန်နေဂျာ)

မြန်မာနိုင်ငံတွင် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးဟူသော ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ၎င်းနှင့်ဆက်နွယ်နေသော ဝန်ကြီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအနက် အနာကြီးရောဂါကင်းဝေးရေးကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ အထူးအောင်မြင်မှုရရှိခဲ့ပြီး ၂၀၀၃ခုနှစ် ဇန်နဝါရီလ ကုန်တွင် တစ်နိုင်ငံလုံး၌ အနာကြီးရောဂါကင်းဝေးပြီး ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် မတည်ရှိတော့သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

၎င်းအောင်မြင်မှုရလဒ်ရရှိအောင် ရေရှည်လုပ်ငန်းအဖြစ် ကြိုးစားဆောင်ရွက်ခဲ့ရပြီး နှစ်ပေါင်း၅၀ခရီး (၁၉၅၂-၂၀၀၂) ကြာမြင့်ခဲ့ပေသည်။ မြန်မာနိုင်ငံသည် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးရန် တိုက်ဖျက်နိုင်ခဲ့သော ကမ္ဘာ့နိုင်ငံ၁၂၂နိုင်ငံတွင် တစ်ခုအပါအဝင် ဖြစ်ပေသည်။

အနာကြီးရောဂါသည် နှစ်ပေါင်းရာထောင်ချီပြီး လူ့သမိုင်းတွင် အနာကြီးရောဂါအား ကုသရန် ဆေးမရှိခဲ့သော ဆေးပညာပြဿနာ (Medical Problem) လူတစ်ဦးမှတစ်ဦးကို ကူးစက်မှုကို ဟန့်တားစေနိုင်သော နည်းလမ်းမရှိသည့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem) ရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းပျက်စီး၍ လူမှုဒုက္ခများစွာ ဝေဒနာရှင်လူသားများကို ဖြစ်စေတတ်သော ပြဿနာ (Human Problem)များ ဖြစ်ပွားခဲ့သော ရောဂါဆိုးကြီးတစ်ခု ဖြစ်ခဲ့ပေသည်။

အနာကြီးရောဂါကို ဖြစ်စေသောရောဂါပိုး Mycobacterium Leprae ကို ၁၈၇၃ခုနှစ်တွင် နော်ဝေနိုင်ငံမှ Dr. Hansen က စတင်တွေ့ရှိခဲ့သည်။ ရောဂါပိုးကို တွေ့ရှိခဲ့သော်လည်း ကုသရန်ဆေးကို အလွယ်တကူ ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ၁၈၉၇ခုနှစ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပခဲ့သော ပထမဆုံးအကြိမ် အနာကြီးရောဂါညီလာခံတွင် **“ဤရောဂါသည် ကုသပျောက်ကင်းနိုင်သော ရောဂါမဟုတ်”**ဟု တညီတညွတ်တည်း သဘောတူ သတ်မှတ်ခဲ့ကြသည်။ ယခုခေတ်ပေါ် HIV/AIDS ရောဂါကဲ့သို့ ကုရာနတ္ထိ ဆေးမရှိသော ရောဂါဖြစ်ခဲ့ပြီး ရောဂါရှိသူများကို မြို့ပြင်၊ ရွာပြင် ထုတ်ထားခြင်းသည် ရှေးပဝေသဏီကပင် စတင်ကျင့်သုံးခဲ့သော အလေ့အထ တစ်ခုဖြစ်ခဲ့သည်။ ဤရောဂါ ဖြစ်ပွားမှုများပြားခဲ့သော ၁၃ရာစုနှစ်ခန့်က ဥရောပနိုင်ငံများတွင် လူနာများအား ရှောင်ရှားကြခြင်း၊ သီးသန့်ခွဲခြားထားခြင်းတို့သည် ယနေ့ခေတ်တိုင် အမြစ်တွယ်ခဲ့သည်။

အနာကြီးရောဂါသည် အရေပြားနှင့် အာရုံကြောကို ထိခိုက်ပျက်စီးစေပြီး စောစောစီးစီး စနစ်တကျကုသမှုခံယူခြင်းမရှိပါက ကိုယ်အင်္ဂါချို့ယွင်းပျက်စီးစေတတ်သော ရောဂါဖြစ်ပါသည်။ လူတိုင်း ရုပ်ပျက်ဆင်းပျက်၊ ခန္ဓာကိုယ်ပျက်စီးမည်ကို ကြောက်ရွံ့ကြသည်။ ထို့ကြောင့် လူနာများကို ရွံရှာကြသည်။ လင်နှင့်မယား၊ သားနှင့်အမိ ရောဂါဖြစ်လျှင်ပင် ရင်နာနာဖြင့် ခွဲခြားထားခဲ့ကြသဖြင့် ရောဂါတိုက်ဖျက်ရေးအတွက် အလွန်ကြီးမားသော အဟန့်အတားကြီး ဖြစ်ခဲ့သည်။ ဆေးပညာရှင်များ ကြိုးပမ်းမှုဖြင့် ၁၉၄၁ခုနှစ်တွင် ဆာလ်ဖုံးဆေးကို အနာကြီးရောဂါ ကုသရာ၌ စတင်အသုံးပြုခဲ့ပြီး လူနာများအတွက် မျှော်လင့်ချက်ရောင်ခြည် သန်းခဲ့ရသည်။ ဆာလ်ဖုံးဆေးတစ်မျိုးတည်းကို အသုံးပြုရာတွင် လူနာများအား ငါးနှစ်မှတစ်သက်လုံး တိုက်ကျွေးခဲ့ရပြန်သည်။ ၁၉၆၄ ခုနှစ်တွင် ဆာလ်ဖုံးဆေးမတိုးတော့သော ပြဿနာ စတင်ပေါ်ပေါက်လာပြီး လူနာများအတွက် ဆေးဝါးကုသရေး အခက်အခဲ ထပ်မံ ကြုံတွေ့ခဲ့ကြသည်။ ဤသို့ ဆာလ်ဖုံးဆေးတစ်မျိုးတည်းဖြင့် ကုသခဲ့ရာမှ ၁၉၈၂ခုနှစ်မှ စတင်၍ ယခုလက်ရှိအသုံးပြုနေသော MDT (Multi-Drug Therapy) ဆေးပေါင်းကျွေးကုထုံးကို စမ်းသပ်အသုံးပြုနိုင်ခဲ့ရာ လူနာများ ခြောက်လမှတစ်နှစ်အတွင်း ရောဂါပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ၁၉၈၂ခုနှစ်မှစ၍ အနာကြီးရောဂါ လူနာများကို ယင်း MDT ကုထုံးဖြင့် ကုသရန် ထောက်ခံအတည်ပြုခဲ့သည်။

ဆေးကုသချိန်တိုတောင်းခြင်း၊ ဆေးစွမ်းထက်ခြင်းကြောင့် လူနာများ ယုံကြည်အားကိုးစွာ လက်ခံလာကြသည်။ ဤသို့ MDTပေါ်ပေါက်ပြီး ၁၀နှစ်တာကာလအတွင်း လူနာများ ရောဂါဖြစ်ပွားမှု သိသိသာသာ ကျဆင်းလာခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၉၁ ခုနှစ်တွင် အနာကြီးရောဂါကို သက္ကရာဇ်၂၀၀၀အရောက်တွင် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ပပျောက်စေရန် **“အနာကြီးရောဂါကင်းဝေးရေး”**ရည်မှန်းချက်ကို ၁၉၉၁ခုနှစ်မှ စတင်ချမှတ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၅၂ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ကျေးရွာများ အရောက် ကွင်းဆင်း၍ လူနာများရှာဖွေပြီး Dapsone (ဒက်ပဆုံး) ဆေးတစ်မျိုးတည်းတိုက်ကျွေးမှုကို စတင်ဆောင်ရွက်ပေးခဲ့သည်။ Dapsone ဆေး ယဉ်ပါးမှုပြဿနာဖြစ်ပွားခဲ့၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်ဖြစ်သော MDTကုထုံးကို ၁၉၈၆ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

၁၉၈၈ခုနှစ်တွင် အနာကြီးရောဂါအဖြစ်များသော စစ်ကိုင်းတိုင်း၊ အောက်ပိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းများတွင် တစ်ပြည်လုံး၏ ၈၅ရာခိုင်နှုန်းသော လူနာများကို MDT ဆေးတိုက်ကျွေးနိုင်ခဲ့သည်။ MDT လွှမ်းခြုံမှုပိုမိုကောင်းမွန်စေရန် အခြေခံကျန်းမာရေးဝန်ထမ်းများက MDT ဆေးတိုက်ကျွေးခြင်း လုပ်ငန်းကို ၁၉၉၁ခုနှစ်မှစ၍ ပေါင်းစည်းဆောင်ရွက်ခဲ့သည်။ ၁၉၉၅ခုနှစ်တွင် တစ်ပြည်လုံးရှိ လူနာများအားလုံး ရာခိုင်နှုန်းပြည့်နှင့် ၁၉၉၆ခုနှစ်တွင် နယ်စပ်ဒေသပါမကျန် နယ်မြေလွှမ်းခြုံမှု ရာခိုင်နှုန်းပြည့်ရအောင် ဆောင်ရွက်ခဲ့သည်။

အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအနေဖြင့် စီမံရေးရာကိစ္စရပ်များကို အားဖြည့်ဆောင်ရွက်ပေးနိုင်သကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အနာကြီးရောဂါ ကူညီထောက်ပံ့ရေး အဖွဲ့အစည်းများကလည်း လိုအပ်သော ပံ့ပိုးကူညီမှုများကို ထောက်ပံ့ပေးခဲ့ကြသည်။

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ နှီးနွယ်ဆက်စပ်နေသော ဌာနများအပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးစသည့် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြပေသည်။

ထိုသို့ ကူညီဆောင်ရွက်ရာတွင် အထက်ပါအဖွဲ့အစည်းများမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များ ပါဝင်သော အမျိုးသားအနာကြီးရောဂါကင်းဝေးရေး အရှိန်အဟုန်မြှင့် လုပ်ငန်းကော်မတီကိုဖွဲ့စည်းပြီး အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်ကို အောင်မြင်အောင် တက်တက်ကြွကြွ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် ရန်ကုန်မြို့တွင် ၂၀၀၃ခုနှစ်က ကျင်းပခဲ့သည့် တတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေး ညီလာခံကြီး၌ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများနှင့် စေတနာရှင် နိုင်ငံတကာအဖွဲ့အစည်းများ၏ရှေ့တွင် မြန်မာနိုင်ငံအနေဖြင့် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရပြီဖြစ်ကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ကြေညာနိုင်ခဲ့ပေသည်။ ၁၉၅၂ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ နှစ်ပေါင်း ၅၀ကြာ ကြိုးပမ်းအားထုတ်ခဲ့ရခြင်းကြောင့် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်ကို အောင်မြင်စွာဖြေရှင်းနိုင်ခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံ အနာကြီးရောဂါဖြစ်ပွားမှုအခြေအနေကို ပြန်ပြောင်းလေ့လာလျှင်-

၁၉၇၇ ခုနှစ်တွင်	လူဦးရေတစ်သောင်းလျှင်	၈၆ ဒသမ	၂ဦး
၁၉၈၇ ခုနှစ်တွင်	॥	၅၃ ဒသမ	၄ဦး
၁၉၉၇ ခုနှစ်တွင်	॥	၂ ဒသမ	၉ဦး
၂၀၀၅ ခုနှစ်တွင်	॥	၀ ဒသမ	၄၄ဦး

စသည်ဖြင့် အနာကြီးရောဂါဖြစ်ပွားမှုနှုန်း တဖြည်းဖြည်း လျော့နည်းကျဆင်းသွားခဲ့သည်ကို တွေ့မြင်ရပေသည်။

လူ့သက်တမ်းတစ်ဝက်ကျော် နှစ်ပေါင်း၅၀ကြာ ကြိုးပမ်းခဲ့သောရလဒ်မှာ အနာကြီးရောဂါကင်းဝေးသော နိုင်ငံတစ်ခုအဖြစ် ကျန်းမာရေးသမိုင်းတွင် မှတ်ကျောက်တင်နိုင်ခဲ့ပြီ ဖြစ်သည်။ အနာကြီးရောဂါ တိုက်ဖျက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရန်များကို ဖော်ပြလိုသည်။

၎င်းတို့မှာ-

- အနာကြီးရောဂါကင်းဝေးရေးကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့်
- ရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းပျက်စီး၍ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများ ဆုံးရှုံးနေသူများအား မူလလူ့အသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ဆံ့နိုင်အောင် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများပင် ဖြစ်သည်။

အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးပြီဆိုသော်လည်း ကုသရန်ကျန်နေသေးသော လူနာများ အောက်ပါအတိုင်း ရှိနေနိုင်သည်-

- ကျန်နေသောဒေသများ၊ ဥပမာ- မြို့ပြဆင်ခြေဖုံးရပ်ကွက်မှ လူနာများ၊
- အကြောင်းအမျိုးမျိုးကြောင့် ကျန်းမာရေးစောင့်ရှောက်မှုမရသော ချန်ထားခဲ့ရသော ဒေသများမှ လူနာများ၊
- ရောဂါကြောင့် အရှက်အကြောက်ကြီးပြီး ပုန်းရှောင်နေသော လူနာများ၊
- နာတာရှည် ကူးစက်ရောဂါဖြစ်၍ ရောဂါကူးစက်ခံရပြီး ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်လာနေဦးမည်ဖြစ်သော လူနာသစ်များ။

အဆိုပါလူနာများအား ရှာဖွေဖော်ထုတ်ပြီး စောစီးစွာ ကုသမှုများ ရရှိရန် အထူးစီမံချက်များချမှတ်ကာ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အနာကြီးရောဂါ လူနာများ ရှာဖွေဖော်ထုတ်ကုသရာ၌ “အရေပြားပေါ်တွင် အဖြူကွက်၊ အနီကွက်စသော ထုံကျဉ်နေသော မသက်မသာဖွယ် အကွက်တွေ့လျှင် နီးစပ်ရာ ကျန်းမာရေးဌာနသို့ မရှက်မကြောက် လာရောက်ပြသစေရန်” အထူးလိုအပ်သည်။

၁၉၈၈ခုနှစ်မှစ၍ ၂၀၀၅ခုနှစ် နှစ်ကုန်အထိ မြန်မာနိုင်ငံတွင် MDT ဆေးကျွေး ကုသပျောက်ကင်းသူ ဦးရေ နှစ်သိန်းခြောက်သောင်းကျော်အထိ ရှိခဲ့သည်။ ယင်းဆေးသောက်ပြီးသော လူနာဟောင်းများ၏ ခန္ဓာကိုယ်တွင် ရောဂါပိုးကင်းစင်၍ အခြားသူများသို့ ရောဂါကူးစက်မှု မရှိတော့ပါ။ သို့ရာတွင် အာရုံကြော ထိခိုက်ပျက်စီးမှုကြောင့်ဖြစ်တတ်သော ခြေ၊ လက်၊ မျက်နှာတစ်ခုခုသို့မဟုတ် တစ်ခုထက်ပို၍ ပျက်စီးနေသောသူများသည် လူနာဟောင်းများ၏ ၃၀ မှ ၃၅ ရာခိုင်နှုန်းအထိ ရှိနေသည်။ ၎င်းလူနာဟောင်းများနှင့် မိသားစုတို့အား ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုစီးပွားရေးပိုင်းဆိုင်ရာများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန် ကျန်ရှိနေရာ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ရန် အထူးအရေးကြီးလှပေသည်။ **“တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”**ဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ အနာကြီးရောဂါ ဝေဒနာရှင်ဟောင်းများ၏ လူနေမှုဘဝမြှင့်တင်ရေးမှာ အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်။

ဤကဲ့သို့ နှစ်ပေါင်း၅၀ကြာ အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရသော အနာကြီးရောဂါ ကင်းဝေးရေး ရည်မှန်းချက်ဆောင်ရွက်မှုကို မှတ်တမ်းတင် ဂုဏ်ပြုရင်း ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၆ရက်နေ့တွင် ကျရောက်မည့် **“တတိယအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ် နေ့”**ကို ကြိုဆိုလိုက်ရပါသည်။ ॥

တတိယအကြိမ်မြောက်
အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့
(၆-၂-၂၀၀၆)

“အနာကြီးရောဂါကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့”

အနာကြီးရောဂါဟု မသင်္ကာဖွယ်ရာ ကနဦးလက္ခဏာများမှာ

- **အရေပြားပေါ်တွင် အရောင်ပျော့သော၊ နီသော၊ ကြေးနီရောင် ပေါက်နေသော အကွက်များရှိပြီး ၎င်းတို့သည်-**
  - **ယားယံမှုမရှိခြင်း**
  - **နာကျင်မှုမရှိခြင်း**
  - **ပူခြင်း၊ အေးခြင်း၊ နာခြင်း၊ ထိခြင်းကို မသိခြင်း**
  - **အရေပြား၏ မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်နိုင်သည်။ အသက်အရွယ်၊ ကျား၊မ မရွေး၊ အတန်းအစား မရွေး၊ နေရာဒေသမရွေး ဖြစ်နိုင်သည်။**
- **သင့်ရပ်ရွာတွင် အနာကြီးရောဂါ ကင်းဝေးလိုပါသလား။**
  - **အနာကြီးရောဂါအကြောင်းကို လူတိုင်းသိအောင် ပြောပြပေးပါ။**
  - **အနာကြီးရောဂါသည်ဟု မသင်္ကာသူတိုင်းကို ရှာဖွေပေးပါ။**
  - **ဆေးကုသမှုခံယူနိုင်အောင် စည်းရုံးပေးပါ။**
  - **MDT (အမ်ဒီတီ)ဆေးကို ကျန်းမာရေးဌာနတိုင်းတွင် အလွယ် တကူနှင့် အခမဲ့ရနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ပျိုးထောင်ခြင်းလုပ်ငန်းဆောင်ရွက်

မိတ္ထီလာ ဇန်နဝါရီ ၃၀

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင်များအား ကျေးလက်လမ်းဘေးဝဲယာများတွင်စိုက်ပျိုးနိုင်ရေးအတွက် အဖွဲ့ပိုင်ပျိုးဥယျာဉ်များ၌ ပျိုးကိုင်းပျိုးထောင်ခြင်း၊မျိုးစေ့ဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ၁၄ရက်က ပျိုးပင်ပေါင်း၃၅၀၀၀ပျိုးထောင်ထားပြီး ဖြစ်သည်။ (အောက်ပုံ)

အဆိုပါ ပျိုးပင်များကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ၈၆၈၀၀ ပင်အထိ ပျိုးထောင်စိုက်ပျိုး သွားရန် ဆောင်ရွက်လျက်ရှိပြီး ပျိုးပင်များ ပျိုးထောင် စိုက်ပျိုးမှုကို သုံးနှစ်စီမံချက်ဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးတို့က ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတဂေဟာ ကျောင်းဆောင်သစ်ဖွင့်ပွဲ ဘိုကလေးမြို့နယ်၌ ကျင်းပ

ဘိုကလေး ဇန်နဝါရီ ၃၀

ဘိုကလေးမြို့နယ် ရုပ်ဆိုင်ကျေးရွာအုပ်စု ဘုန်းတော်ကြီးသင် ပညာရေးပရဟိတဂေဟာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၂ရက်က ရုပ်ဆိုင်ကျေးရွာ ရတနာမဥ္ဇူကျောင်းတိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ဘုန်းတော်ကြီးသင်ပညာရေးပရဟိတဂေဟာကျောင်းဆောင်သစ်ဖွင့်ပွဲဆိုင်းဘုတ်အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်နှင့် ဆရာတော် ဦးမဥ္ဇူသာရတို့က ပရဟိတဂေဟာကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ငါးပါးသီလခံယူ

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသောဧည့်ပရိသတ်များက ဆရာတော် ဦးမဥ္ဇူသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ ခရိုင် အဖွဲ့ဝင်(၁) ဦးငွေထွန်းဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုတို့က လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုက ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တာဝန်ခံဆရာကြီး ဦးဇော်ဝင်းထံ ဗလာစာအုပ် ဒါဇင် ၂၀၊ မူလတန်းကျောင်း တာဝန်ခံဆရာမ ဒေါ်မိုးမိုးခိုင်သို့ ဗလာစာအုပ် ဒါဇင် ၂၀ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ ဝိုင်းမော်မြို့နယ်၌ အခမ်းအနားကျင်းပ

ဝိုင်းမော် ဇန်နဝါရီ ၂၀

ဝိုင်းမော်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာနှစ်ရွာ၊ ဌာနဆိုင်ရာရုံးပေါင်း ၂၆ရုံးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဇန်နဝါရီ ၆ရက် နံနက် ၈နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဝိုင်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်း၌ ကျင်းပသော ကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံ ဦးတီလူကျန်က ကြက်ဆူပင်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေက ဝန်ထမ်းများအား ကြက်ဆူမျိုးစေ့၊ ကြက်ဆူပင်ပျိုးကိုင်းများ ရှင်းလင်းပြသပြီး ဝန်ထမ်းများအား ကြက်ဆူပျိုးကိုင်းများကို ပေးအပ်ကာ တပျော်တပါး စိုက်ပျိုးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၁)ရပ်ကွက် မိုင်းနားကျေးရွာ၊ ခတ်ချိုကျေးရွာ၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် ဝိုင်းမော် အထကကျောင်းနှင့် ဌာနဆိုင်ရာရုံးများ၏ ကြက်ဆူပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၁၈ရက်က စစ်တွေမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသော စစ်တွေခရိုင် မိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၆ခုနှစ် လပတ်လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ စစ်တွေခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီထွန်း အမှာစကားပြောကြားစဉ်။ (မိခင်/ကလေး)

ဆီဆိုင်မြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

ဆီဆိုင် ဇန်နဝါရီ ၃၀

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သောစည်ပင်ရုံး ဥပစာကတ္တရာလမ်းသစ် ပေ ၃၅၀ ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးယဉ်ထွေး၊ အမှုဆောင် အရာရှိ ဦးဝင်းဖေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးလှကြည်တို့က ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းမှာ အရှည် ၃၅၀၊ အကျယ်၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုငွေကျပ် ၇၅၂၀၀၀ကျပ်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးရွာစာကြည့်တိုက် ကိုယ့်အားကိုယ်ကိုး ကနီမြို့နယ်၌ဖွင့်

ကနီ ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်း ကနီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကုန်းသာကျေးရွာ ကုမုဒြာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ကို၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်း နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကြီးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ကိုက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် ရေရှည်တည်တံ့ရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောပြီး ကျေးရွာစာအုပ် အလှူရှင်များက သုတ၊ရသစာအုပ်မျိုးစုံ ၆၁၂ အုပ်၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံကျွမ်းကျင်(၃)ဦးမြသွင်က စာအုပ်မျိုးစုံ ၅၀ အုပ်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံ ဦးခင်မောင်ရင်က လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင် ဇီဝဒီဇယ်ဆီဖြင့် စက်ရေတွင်းများ မောင်းနှင်သရုပ်ပြ

ရေနံချောင်း ဖေဖော်ဝါရီ ၁

ရေနံချောင်းမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီအစားထိုး လောင်စာအဖြစ် ကျေးလက်ရေပေးရေး စက်ရေတွင်းများတွင် မောင်းနှင်သရုပ်ပြပွဲကို ဇန်နဝါရီ ၂၃ရက်က ရေနံချောင်းမြို့နယ် သန်းပင်ကုန်းကျေးရွာနှင့် ညောင်ဇောက်ကျေးရွာများတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

သရုပ်ပြပွဲတွင် ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးက ဒေသခံပြည်သူများအား ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးခြင်း၊ ကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီအစားထိုး အသုံးပြုမှုများကို ရှင်းလင်းပြောကြားသည်။

လက်တွေ့မောင်းနှင့်သရုပ်ပြ

ထို့နောက် ခြံစည်းရိုးကြက်ဆူဆီဖြင့် သန်းပင်ကုန်းကျေးရွာ နှစ်လက်မ ပေ ၅၀၀ စက်ရေတွင်း၊ ညောင်ဇောက်ကျေးရွာ နှစ်လက်မ ပေ၄၀၀ စက်ရေတွင်းများကို လက်တွေ့မောင်းနှင် သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



ပုသိမ်မြို့ ကန်ကြီးထောင့်မြို့လယ်လမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဦးလှသိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွေးတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (၁၀၈)

5-2 (11).p65 1 3/24/1905, 10:32 PM

ရေဝတီတိုင်းရဲတပ်ဖွဲ့ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲ တိုင်းမှူး ပိုလ်ချုပ်သူရမြင့်အောင် တက်ရောက် သုံးနှစ်အတွင်း ကေငါးသိန်းပြည့်မီအောင် စိုက်ပျိုးသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်း ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲနှင့် ကြက်ဆူမျိုးစေ့ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက ပုသိမ်မြို့ တိုင်းရဲတပ်ဖွဲ့မှူးရုံး ပျိုးဥယျာဉ်၌ ကျင်းပသည်။ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းထွန်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာတိုင်းမှူးက ခြံစည်းရိုး ကြက်ဆူပင် အသုံးဝင်ပုံများနှင့် ဧရာဝတီတိုင်း၌ သုံးနှစ်အတွင်း ကေငါးသိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ရှင်းလင်းအမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းထွန်းက ဧရာဝတီတိုင်း ရဲတပ်ဖွဲ့အနေဖြင့် ခြံစည်းရိုး ကြက်ဆူ စိုက်ပျိုးမည့်အခြေအနေ၊ မျိုးစေ့နှင့် ပျိုးကိုင်းများစုဆောင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးက ပျိုးအိတ်များအတွင်းသို့ ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ထည့်သွင်း ပျိုးထောင်ပေးပြီး တက်ရောက်လာကြသူများ၏ ပျိုးအိတ်အတွင်း မျိုးစေ့နှင့်ပျိုးကိုင်းများ ထည့်သွင်းပျိုးထောင် စိုက်ပျိုးပေးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို အခမ်းအနားတက်ရောက်လာကြသော ခရိုင်ရဲတပ်ဖွဲ့မှူးများအား ပေးအပ်သည်။

စိုက်ပျိုးသွားမည်

ဧရာဝတီတိုင်း ရဲတပ်ဖွဲ့အနေဖြင့် ခြံစည်းရိုး ကြက်ဆူပင်ကို ခရိုင်အလိုက် တစ်အုပ်တစ်မ စိုက်ခင်းအဖြစ် ၆၂ ဒသမ ၄ဧက ၊ ခြံစည်းရိုးစိုက်ပျိုးမှုအဖြစ် ၁၃၈ ဧက၊ စုစုပေါင်း ၂၀၀ ဒသမ ၄ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မှာကြား

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ပုသိမ်မြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပုသိမ်မြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘွားဆောင် မွမ်းမံပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ပုသိမ်ဘိုးဘွားရိပ်သာ၌ အဘိုး ၁၀ဦး အဘွား ၂၃ဦးအား လက်ခံပြုစုစောင့်ရှောက်ထားပြီး မူလအဘွားဆောင်အား အလျား ၉၀ပေ အနံ ပေ၉၀ရှိ အဆောက်အအုံအဖြစ် ပြင်ဆင်ဆောက်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်း ယုဇနကွန်ဒိုမီနီယံ အိမ်ရာ အခန်း ၁၀၀၂နေ ဒေါ်မြမြ အုန်း၏ နှစ်(၅၀)ပြည့် မွေးနေ့ အထိမ်း အမှတ် အဖြစ် ဗုဒ္ဓဂယာ မြန်မာစာသင်သား ရဟန်းတော်များ ကျောင်းဆောက်လုပ်ရန် အတွက် အလှူငွေကျပ် သိန်း ၅၀ နှင့် ရန်ကုန်နာရေး ကူညီမှုအသင်းသို့ အလှူငွေကျပ် ၁၅သိန်းကို ဖေဖော်ဝါရီ၁ရက်က လှူဒါန်းရာ အလှူငွေများကို ကျောင်းဆောက်လုပ်ရေး အကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါ်မြရှင်သို့ ပေးအပ်လှူဒါန်းစဉ်။ (၃၅၂)

လားရှိုး ကြက်ဆူပင်မျိုးသန့်မျိုးပွား စံပြပျိုးဥယျာဉ်ခြံ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁ရက်မွန်းလွဲပိုင်းက လားရှိုးမြို့အထွက် အမှတ်(၁)ကုန်းမြင့်ယာမြေ ကြက်ဆူပင်မျိုးသန့်မျိုးပွား စံပြပျိုးဥယျာဉ်ခြံနှင့် နှစ်တိုနာနတ်နှင့်ကြက်ဆူပင် သီးညှပ်စိုက်ခင်းများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် နားဖကျေးရွာအနီးရှိ တိုင်းစစ်ဌာနချုပ်၏ အမှတ်(၃)ကုန်းမြင့်ယာမြေ ကြက်ဆူပင် မျိုးသန့်မျိုးပွားစံပြဧက ၁၀၀၀ စိုက်ခင်း၌ ပထမအဆင့် ကြက်ဆူဧက ၁၀၀ စိုက်ပျိုးပြီးစီးနေမှုနှင့် မြေနေရာတိုးချဲ့ဖော်ထုတ် စိုက်ပျိုးဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့များ ပျိုးထောင်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ နားလုံဒေသ ကုန်းမြင့်ယာမြေ အမှတ်(၄)ရှိ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ဆင်းရွှေလီ ပျားလိမ္မော်ပျိုးဥယျာဉ်ခြံ၌ ပျားလိမ္မော်နှင့်သီးညှပ် နာနတ်ပင်များ ဖြစ်ထွန်းအောင်မြင်မှုကို လည်းကောင်း၊ နားဖကျေးရွာအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စံပြကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်း၌ ကြက်ဆူနှင့် သီးညှပ် နာနတ်စိုက်ခင်း အခြေအနေကိုလည်းကောင်း၊ လားရှိုးမြို့အထွက် အေတီတံတားအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စိုက်ပျိုးလျက်ရှိသော ဆင်းရွှေလီနေကြာမျိုးသန့်စံပြ စိုက်ခင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စိုက်ပျိုးလျက်ရှိသောဆင်းရွှေလီအထူးအထွက်တိုး နွေစပါး၁၀ဧက စံပြယှဉ်ပြိုင်ကွက် စိုက်ခင်းတို့ကိုလည်းကောင်း၊ ရေပူစမ်းကျေးရွာအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စိုက်ပျိုးလျက်ရှိသော နွေစပါးဧက၂၀ စံပြယှဉ်ပြိုင်ကွက်စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝမ်းတွင်းမြို့နယ်၌ ကျောက်ချောလမ်းသစ် ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်အတွက် နတ်ကန် ကျောက်ချောလမ်းဖွင့်ပွဲကို ဇန်နဝါရီ၃၀ရက် နံနက် ၈နာရီက အဆိုပါလမ်းသစ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစော ထွန်းစိန်တို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ နတ်ကန် ကျောက်ချောလမ်းမှာ အကျယ်၁၂ပေ၊ အရှည် ပေ၁၉၅၀ ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မိခင်ကြီး ဒေါ်ကျင်ညွှန့်အား ရည်စူး၍ အမှတ် ၁၀၄ ဗိုလ်ချုပ်လမ်း ပုဇွန်တောင်မြို့နယ်နေ ကျန်ရစ်သူ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း ၁၆/၂ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သန်းမြင့်အောင်(အမျိုးသားစာပေဆုရ)နှင့် အလုပ်အမှုဆောင် ဦးရွှေထိုက်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး ဘားကပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကြည့်ရှု ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားရှိမှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းက ဘားကပ်လျှပ်စစ်မြစ်ရေတင်စခန်းသို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းနှင့် မျိုးစေ့များစိုက်ပျိုးပြုစုပျိုးထောင်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာယီရှင်းလင်းဆောင်တွင် ရသေ့ပျံ၊ ကော့ဂွန်းနှင့် ဘားကပ်ကျေးရွာများမှ ဒေသခံတောင်သူများအား တွေ့ဆုံ၍ နွေစပါးစိုက်ပျိုးရေးနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေးသည်။

တင်ပြဆွေးနွေး

အခမ်းအနားတွင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်က ဘားကပ်လျှပ်စစ် မြစ်ရေတင်စီမံကိန်းမှ အကျိုးပြုလယ်ယာမြေဧက ၂၀၀၀သို့ ရေဖြန့်ဝေမှုနှင့် လက်ရှိနွေစပါးဧက၈၀၀ စိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဘားအံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးက နွေစပါးစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်မှု၊ လယ်ယာကန်သင်းများ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဒေသခံတောင်သူများက လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း အသီးသီး ရှင်းလင်း တင်ပြဆွေးနွေးကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဘားကပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေ အပြည့်အဝ ပေးနိုင်ရေး၊ ခြံစည်းရိုး ကြက်ဆူပင်များကို မြေလွတ်မြေရိုင်းများမကျန် စိုက်ပျိုးကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီးနောက် တက်ရောက်လာကြသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားရှိမှုနှင့်စိုက်ပျိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဗိုလ်မှူးကြီး ခင်ကြူးသည် ဘားကပ်အစိုးရကွန်ပျူတာ ကောလိပ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ
ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ(၂)ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၄၉၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ကမ္ဘာ့တစ်လွှား အားကစား

အသင်းကြီးများ အမှားမခံသည့် စီးရီးအေပွဲစဉ်(၂၃) ဂျူဗင်းတပ်စ်၊ အင်တာမီလန်နှင့်အေစီမီလန်ပွဲများယနေ့ကစားမည်

ရောမ ဖေဖော်ဝါရီ ၄

၂၀၀၅-၂၀၀၆ စီးရီးအေဘောလုံးပွဲစဉ်များ ထက်ဝက်ကျိုးသွားချိန်၌ ချန်ပီယံဖြစ်ရေး အကြိတ်အနယ်ပွဲများ ဆက်တိုက်ကစားကြရမည်ဖြစ်ရာ အသင်းကြီးများဖြစ်သော ဂျူဗင်းတပ်စ်၊ အင်တာမီလန်နှင့် အေစီမီလန်တို့၏ပွဲစဉ်(၂၃)ကို ဖေဖော်ဝါရီ ၅ ရက် (ယနေ့) **ယှဉ်ပြိုင်ကစားကြရတော့မည်ဖြစ်သည်။**

ဂျူဗင်းတပ်စ်နှင့်အူဒီးနီ

စီးရီးအေတန်းစီဇယားကို ၅၉မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသော ဂျူဗင်းတပ်စ်တို့ ၂၂ပွဲ ကစားပြီးချိန်အထိ အိမ်ကွင်း၌သရေပွဲ၊ ရှုံးပွဲမရှိသေးပေ။ အိမ်ကွင်း၌၁၁ပွဲကစားခဲ့ရာ ပွဲတိုင်းအနိုင်ရရှိခဲ့သဖြင့် ယခုအူဒီးနီနှင့် မိမိကွင်း၌ ကစားသောပွဲကို အနိုင်ကစားမည်သာဖြစ်သည်။

ဂျူဗင်းတပ်စ် တိုက်စစ်မှူး ထရေဇီဂေးသည် ပြီးခဲ့သည့်ပွဲစဉ်(၂၁)၌ အက်ကိုလီကို တစ်ဦးတည်း သုံးဂိုးသွင်းယူထားနိုင်ပြီး ဂိုးသွင်းခြေမြူးလျက် ရှိသည်။ ထိုသုံးဂိုးမှာလည်း ၁၈ မိနစ်အတွင်း သွင်းယူခဲ့ခြင်းဖြစ်သည်။

ဂျူဗင်းတပ်စ်တို့ ရှေ့လယ်နောက် တောင့်တင်းခိုင်မာသော အသင်းဖြစ်ရာ အဝေးကွင်းခြေပျက်တတ်သော အူဒီးနီတို့ ဂျူဗင်းတပ်စ်ကို အနိုင်ရရန် မလွယ်ကူချေ။ အူဒီးနီ၏ အားထားရသော တိုက်စစ်မှူး ဒီနာတာလီလည်း ဂိုးပေါက်ပျောက်နေတတ်ရာ ဂိုးမပြတ်အောင်သာ ထိန်းကစားရမည့် အနေအထားရှိနေသည်။

ဂျူဗင်းတပ်စ်နှင့် အူဒီးနီတို့ ယခင်က ငါးကြိမ် ဆုံတွေ့ခဲ့ဖူးရာတွင် တစ်ပွဲသာ သရေကစားနိုင်ခဲ့ပြီး ကျန်လေးပွဲစလုံး ရှုံးပွဲများသာ ဖြစ်ခဲ့သည့် မှတ်တမ်းရှိနေရာ ဂျူဗင်းတပ်စ်တို့ နိုင်ပွဲရပြီး တန်းစီဇယားထိပ်ဆုံး၌ပင် ခိုင်ခိုင်မာမာရပ်တည် နေမည့်အနေအထားရှိသည်။

အင်တာမီလန်နှင့်ချေယေးဗို

ထိပ်ဆုံးမှ ဂျူဗင်းတပ်စ်ကို ပိုမိုဖိအားပေးနိုင်ရေးအတွက် အင်တာမီလန်တို့ ယခုပွဲ အနိုင်ကစားမည်ဖြစ်သည်။ ဂျူဗင်းတပ်စ်နှင့်ပွဲတူ ရှစ်မှတ်ကွာဖြင့် ဒုတိယနေရာမှ ကပ်လိုက်နေသည့် အင်တာမီလန်တို့ နိုင်ပွဲများဆက်တိုက်ရရှိရန် လိုအပ်နေရာ ချေယေးဗိုကို မိမိကွင်း၌ အနိုင်ရရှိရေး လူစုံထုတ်ကစားမည်ဖြစ်သည်။

အင်တာမီလန်တွင် ရီးယဲလ်မက်ဒရစ်မှ ပြောင်းလာသည့် ဖီဂိုလည်း ခြေစွမ်းပြဂိုးသွင်းလျက်ရှိရာ အင်တာမီလန်တိုက်စစ်မှူးများဖြစ်သည့် အက်ဒရီရာနို၊ မာတာရာဇီတို့နှင့်အတူ တိုက်စစ်ရှိန်ကိုမြှင့်ကာဂိုးသွင်းယူမည့် အနေအထားရှိနေသည်။

အင်တာမီလန် တိုက်စစ်မှူး အက်ဒရီရာနိုသည် ယခုအချိန်အထိ စီးရီးအေတွင် ၁၂ဂိုး သွင်းထားသူဖြစ်သည်။ သို့သော်ချေယေးဗို နောက်တန်းခံစစ်မှာ တောင့်တင်းသည်ဖြစ်ရာ အင်တာမီလန်တို့ တော်ရုံကြိုးစား၍ ရမည်မဟုတ်ချေ။

အင်တာမီလန်ကွင်း၌ ချေယေးဗိုနှင့်ယခင်က လေးကြိမ်ဆုံခဲ့ဖူးရာတွင် အင်တာမီလန်တို့ လေးပွဲနိုင် တစ်ပွဲသရေကျထားသည့် ရလဒ်ရှိနေရာ ချေယေးဗိုတို့ သရေပွဲဖြစ်အောင်ပင် ကြိုးစား ကစားရမည်ဖြစ်သည်။ ချေယေးဗို တိုက်စစ်မှူး ပီလီဆီရာသည် ဂိုးသွင်းကောင်းသူ တစ်ဦးဖြစ်ရာ ယခုအချိန်အထိတစ်ဦးတည်းကိုးဂိုးသွင်းထားနိုင်သူဖြစ်သည်။ ချေယေးဗိုတိုက်



စီးရီးအေပွဲစဉ်(၂၂)အဖြစ် လက်ချီနှင့် အင်တာမီလန်တို့ပွဲတွင် အင်တာမီလန်တိုက်စစ်မှူး အက်ဒရီရာနို (လယ်) **ထိုးဖောက်ကစားဟန်။**

(ဓာတ်ပုံ-အင်တာနက်)

လွယ်လွယ်ကူကူ အနိုင်ရမည် မဟုတ်ချေ။

အေစီမီလန်သည် ယခုနှစ်ဘောလုံးရာသီ၌ အဝေးကွင်း ခြေစွမ်းကျဆင်းလျက်ရှိရာ ၁၁ပွဲကစား ငါးပွဲရှုံး တစ်ပွဲသရေ ရလဒ်များက သက်သေပြနေသည်။ သို့သော် အေစီမီလန်

အက်ကိုလီနှင့်ဂျူဗင်းတပ်စ်တို့၏ စီးရီးအေ ပွဲစဉ်(၂၂)၌ ဂျူဗင်းတပ်စ် တိုက်စစ်မှူး ပါဗယ်နက်ဗက် ထိုးဖောက်ကစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စစ်မှူးများဖြစ်သည့် အမာယူရီနှင့် ဆမ်မာကိုတို့လည်းအတွဲအဖက်ညီကြရာ အင်တာမီလန်တို့ သတိကြီးစွာထားပြီး ကစားရမည့်အနေအထားရှိပေသည်။

လာဇီယိုနှင့် အေစီမီလန်

အိမ်ကွင်းရှုံးပွဲမရှိသေးသော လာဇီယိုနှင့် နာမည်ကြီး အေစီမီလန်တို့ ထိပ်တိုက် ဆုံတွေ့ကြပြီဖြစ်သည်။ လာဇီယို၏ ခြေစွမ်းသည်အကောင်းဘက်သို့မရောက်သေးသော်လည်း အိမ်ကွင်း၌ ခြေစွာလျက်ရှိရာအဝေးကွင်း ခြေပျက်တတ်သည့် အေစီမီလန်တို့ တိုက်စစ်မှူးများဖြစ်သည့် ရက်ချင်ကို၊ နက်စတာတို့က ဂိုးသွင်းခြေမှန်ကြသူများဖြစ်ရာ အခွင့်အရေးရသည်နှင့် ဂိုးဝင်အောင် သွင်းနိုင်ကြသူများဖြစ်သည်။

ရက်ချင်ကိုသည် ယခုအချိန်အထိ တစ်ဦးတည်း ၁၂ဂိုး သွင်းယူထားပြီး နက်စတာက ခြောက်ဂိုးသွင်းယူထားနိုင်သူများဖြစ်ရာ လာဇီယိုခံစစ်မှူးများ နားလည်မှု လွဲမှားတတ်သည့်အပေါ် အခွင့်အရေး အရယူသွားနိုင်သည်။ သို့သော် လာဇီယိုကွင်း၌ အေစီမီလန်နှင့် လေးကြိမ်ဆုံ တွေ့ခဲ့ဖူးရာတွင် လာဇီယိုက နှစ်ပွဲနိုင် သုံးပွဲသရေဖြင့် ကစားထားနိုင်ခဲ့ရာ အေစီမီလန်တို့ အစွမ်းကုန် ကြိုးစားအားထုတ်မှသာ အခြေအနေကောင်းနှင့် ကြုံတွေ့နိုင်မည်ဖြစ်သည်။

လာဇီယိုသည် ၂၂ပွဲကစား၊ ၃၃ မှတ်ဖြင့် အဆင့်ရှစ်နေရာတွင် ရှိနေပြီး အေစီမီလန်က ၂၂ပွဲကစား ၄၇မှတ်ဖြင့် တတိယနေရာ၌ ရှိနေသည်။

အေစီမီလန်နှင့်ဆမ့်ဒိုးရီးရားတို့ပွဲတွင် အေစီမီလန်မှ ဆီးဒေါ့ဖ် ဆမ့်ဒိုးရီးရားဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ဖီအိုရင်တီးနားနှင့် လက်ချီ

ယခုနှစ်စီးရီးအေ၌ ခြေစွမ်းအတိုးတက်ဆုံးအသင်းဖြစ်သည့် ဖီအိုရင်တီးနားတို့ တန်းစီဇယားအောက်ဆုံးမှ လက်ချီကို အသာစီးမှကစားကာ အနိုင်ယူမည့်ခြေစွမ်းရှိနေသည်။ ဖီအိုရင်တီးနားသည် အိမ်ကွင်း ၁၁ပွဲ ကစားပြီးချိန်၌ တစ်ပွဲသာရှုံးထားပြီး ကျန်ပွဲအားလုံး အနိုင်ကစားထားသော အသင်းဖြစ်သည်။

ဖီအိုရင်တီးနားတို့ ရှေ့တန်းနောက်တန်း မျှတသော အသင်းဖြစ်သော်လည်း အလယ်တန်း အားနည်းချက်ရှိနေသည်ဖြစ်ရာ ရှေ့နောက်ခံစစ်မှူး၊ တိုက်စစ်မှူးများတို့ကစားမှုဟန်ချက်မျှတမည့် အနေအထားရှိနေသည်။

သို့သော် ဖီအိုရင်တီးနားတိုက်စစ်မှူး တိုနီမှာ ယခုအချိန်အထိ စီးရီးအေတွင် ၂၁ဂိုး သွင်းထားပြီး ဂိုးအများဆုံးသွင်းထားနိုင်သူ တစ်ဦးဖြစ်သည်။ ထို့အပြင် ပါဇီရန်ဇာလည်း ဂိုးသွင်းခြေမှန်သူတစ်ဦးဖြစ်ရာ ဂိုးရရှိရေးအားထားနိုင်သူတစ်ဦးဖြစ်သည်။

ဖီအိုရင်တီးနားနှင့် လက်ချီတို့ ဖီအိုရင်တီးနားကွင်း၌ ငါးကြိမ်ဆုံခဲ့ဖူးရာတွင် ဖီအိုရင်တီးနားက နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးမှတ်တမ်းရှိနေရာ ခြေပျက်နေသောလက်ချီကို အရေးထား ကစားရမည်ဖြစ်သည်။ ဖီအိုရင်တီးနားသည် ၂၂ပွဲကစား ၄၄မှတ်ဖြင့် အဆင့်လေးနေရာတွင်ရှိနေပြီး လက်ချီမှာ ၂၂ပွဲကစား ၁၃မှတ်ဖြင့် အဆင့် ၂၀၌ရှိနေသည်။

လီဗော်နိုနှင့်မက်ဆီနာ

အိမ်ကွင်းခြေမာသည့် လီဗော်နိုကို မက်ဆီနာတို့၏ အဝေးကွင်းရလဒ် မကောင်းသည့် အနေအထားဖြင့် ယှဉ်ကစားရန်မလွယ်ချေ။ လီဗော်နိုတို့ အိမ်ကွင်း၁၁ပွဲ ကစားပြီး တစ်ပွဲသာ ရှုံးထားသဖြင့် တိုက်စစ်အားနည်းသော မက်ဆီနာတို့ လီဗော်နိုနောက်တန်းကို ကျော်လွှားရန်မလွယ်ကူချေ။

လီဗော်နိုသည် နောက်တန်းခံစစ်မှူးများ နားလည်မှုရှိကြသလို အမှားအယွင်းလည်း နည်းကြသည်။ လီဗော်နိုတိုက်စစ်မှူးများဖြစ်သည့် လူကာရီလီနှင့် ဗာဂတ်စ်တို့လည်း ဂိုးသွင်းအားကောင်းကြရာ လူကာရီလီက ယခုအချိန်အထိ တစ်ဦးတည်း၁၁ဂိုးသွင်းထားနိုင်သလို ဗာဂတ်စ်ကလည်း ခုနစ်ဂိုး သွင်းထားသူဖြစ်သည်။

သို့သော် လီဗော်နိုနှင့်မက်ဆီနာတို့ လီဗော်နိုကွင်း၌ ယခင်ငါးကြိမ်ဆုံခဲ့ရာတွင် လီဗော်နိုက တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကလည်း ရှိနေပြန်ရာ မက်ဆီနာကို ပေါ့ပေါ့ဆဆ ကစားမိပါက လီဗော်နိုတို့ရှုံးပွဲနှင့်ကြုံတွေ့သွားရနိုင်သည်။ မက်ဆီနာတွင် တိုက်စစ်မှူးများဖြစ်သော ဒီနာပိုလီနှင့် ကောပိုလာတို့က မထင်မှတ်ဘဲ ခြေစွမ်းပြ ဂိုးသွင်းနိုင်ကြသူများဖြစ်ရာ အိမ်ကွင်း၌ လီဗော်နိုတို့ တော်ရုံကြိုးစား၍ရမည်မဟုတ်ချေ။

လီဗော်နိုသည် ၂၂ပွဲကစားပြီး ၃၇ မှတ်ဖြင့် အဆင့်ခြောက် နေရာ၌ ရပ်တည်နေပြီး မက်ဆီနာက ၂၂ပွဲကစား ၂၁မှတ်ဖြင့် အဆင့်၁၅နေရာတွင် ရှိနေသည်။

ဆမ့်ဒိုးရီးရားနှင့် ထရီဗီဆို

အဝေးကွင်း ၁၁ပွဲကစားပြီး တစ်ပွဲသာနိုင်ပွဲရထားသော ထရီဗီဆိုကို ဆမ့်ဒိုးရီးရားတို့ ခြေအသာဖြင့် အနိုင်ယူမည်သာဖြစ်သည်။ အိမ်ကွင်းခြေစွမ်းပြ အနိုင်ယူမည့် အနေထားရှိသော်လည်း ဆမ့်ဒိုးရီးရား၏ အားနည်းချက်မှာ နောက်တန်း လူများဖြစ်သည်။ ဆမ့်ဒိုးရီးရား နောက်တန်းသည် မကြာခဏ အမှားအယွင်းများဖြစ်ပေါ်လျက်ရှိရာ ထရီဗီဆိုတိုက်စစ်မှူးများ အကြိုက် တွေ့သွားနိုင်သည်။

ဆမ့်ဒိုးရီးရား တိုက်စစ်မှူးများဖြစ်သည့် ဘိုနာဇိုလီနှင့် ဒိုင်ရာနာတို့က အတွဲညီစွာ ထိုးဖောက်ကစားနိုင်ကြပြီး ကြုံသလို ဂိုးသွင်းနိုင်ကြသည့်လူများဖြစ်သည်။ ဆမ့်ဒိုးရီးရား တိုက်စစ်မှူး ဘိုနာဇိုလီက ယခုအချိန်အထိ ကိုးဂိုးသွင်းထားသကဲ့သို့ ဒိုင်ရာနာကလည်း တစ်ဦးတည်း ရှစ်ဂိုးသွင်းထားနိုင်ကြသူများ ဖြစ်သည်။

ဆမ့်ဒိုးရီးရားနှင့် ထရီဗီဆိုတို့ ဆမ့်ဒိုးရီးရားကွင်း၌ ငါးကြိမ်ဆုံခဲ့ရာတွင် ဆမ့်ဒိုးရီးရားက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး မှတ်တမ်းရှိနေရာ လူစုံထုတ်ပြီး ကစားအားတင်ပါမှ ဆမ့်ဒိုးရီးရားတို့ နိုင်ပွဲရမည့် အနေအထားရှိပေသည်။ ။ **(အင်တာနက်)**

ဒဗလျူဘီစီ စူပါဝဲလ်တာဝိတ်ချန်ပီယံ မာယော့ဂါ ချန်ပီယံကာကွယ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒဗလျူဘီစီ၏စူပါဝဲလ်တာဝိတ်ချန်ပီယံမာယော့ဂါ ချန်ပီယံကာကွယ်ပွဲအဖြစ် ဒီလာဟိုယာနှင့်ထိုးသတ်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၄

ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ စူပါဝဲလ်တာဝိတ်ချန်ပီယံ ရီကာဒိုမာယော့ဂါသည် လာမည့်မေလ ၆ ရက် (စနေနေ့)တွင် စိန်ခေါ်သူအိုစကာဒီ လာဟိုယာနှင့် ချန်ပီယံကာကွယ်ပွဲ ထိုးသတ်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘာ့လက်ဝှေ့ကောင်စီ(ဒဗလျူဘီစီ)၏ စူပါဝဲလ်တာဝိတ်ချန်ပီယံ ရီကာဒိုက နီကာရာဂွာနိုင်ငံ မာနာဂွာမြို့တွင် ဖေဖော်ဝါရီ၃ရက် သောကြာနေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ယခုကဲ့သို့ထုတ်ဖော် ပြောကြားခဲ့ခြင်းဖြစ်သည်။

ချန်ပီယံကာကွယ်ပွဲ ထိုးသတ်မည့်နေရာမှာ အမေရိကန်ပြည်ထောင်စု လက်ဗီဂတ်စ်မြို့တွင်ဖြစ်ကြောင်း၊ စုစုပေါင်း၁၂ချီထိုးသတ်ရန် သတ်မှတ်ထားကြောင်း၊ ယခုအခါ မိမိအနေဖြင့် လေ့ကျင့်ရေးအစီအစဉ်များကို စနစ်တကျပြုလုပ်နေပြီဖြစ်ကြောင်း ရီကာဒိုက ပြောကြားသည်။

ဒဗလူဘီစီစူပါဝဲလ်တာ ဝိတ်ချန်ပီယံရီကာဒိုမာယော့ဂါသည် နီကာရာဂွာနိုင်ငံသားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၀၄ခုနှစ် အောက်တိုဘာလက ဖီလစ်ထရီနီဒတ်နှင့်လက်ဝှေ့ပွဲတစ်ပွဲ ထိုးသတ်ခဲ့သေးသည်။ အဆိုပါပွဲ၌လည်း မာယော့ဂါက ပွဲချိုးပြည့်ထိုးသတ်ပြီး အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

စပိန်လာလီဂါတွင် ဂိုးအများဆုံးသွင်းထားကြသူများ

မက်ဒရစ် ဖေဖော်ဝါရီ ၄

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ စပိန်လာလီဂါတွင် ဂိုးအများဆုံးသွင်းထားသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

	အမည်	အသင်း	သွင်းဂိုး
၁။	အီတူး	ဘာစီလိုနာ	၁၈
၂။	ဒီဗီလာ	ဗလင်စီယာ	၁၃
၃။	ရော်နယ်ဒင်ဟို	ဘာစီလိုနာ	၁၁
၄။	ထရစ္စတန်	ဒီပို့တီဗို	၁၀
၅။	ရော်နယ်ဒို	ရီးရဲလ်မက်ဒရစ်	၉
၆။	မီလီတို	ဇာရာဂိုဇာ	၉
၇။	ရီကွယ်မီ	ဗီလာရီးယဲလ်	၉
၈။	ဘိုင်ရာနို	ဆဲလ်တာဗီရို	၇
၉။	ဂူဇာ	ဂီတာဖေး	၇
၁၀။	အီဝါသွန်	ဇာရာဂိုဇာ	၇
၁၁။	အေရန်ဂို	မာယော့ကာ	၆
၁၂။	ပါနီယာ	ဂီတာဖေး	၆
၁၃။	နီနီ	အလာဗက်စ်	၆
၁၄။	မာရက်စတာ	ဆီဗီးလား	၆

(အင်တာနက်)

ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်ကို ဇန်နဝါရီ ၁၇ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ပြည်နယ်ရဲတပ်ဖွဲ့ စိုက်ခင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေနှင့် အဖွဲ့ဝင်များသည် ကြက်ဆူပင်ပျိုးပင်များပါဝင် စိုက်ပျိုးပေးကြပြီး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်တွင် မျိုးစေ့များနှင့် ကိုင်းပျိုးပင်များကို ဝေငှပေးပြီး ပျိုးပင်ပေါက်များကိုပျိုးအိတ်များအတွင်း မျိုးစေ့ထည့်သွင်း စိုက်ပျိုးကြသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မြတ်ငွေနှင့် အဖွဲ့သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဒေါ်မြင့်မြင့်က ကြက်ဆူပင် စိုက်ပျိုးပုံနည်းစနစ် အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာ ကြသည့်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်တို့က ကြက်ဆူပင်နှင့် ပတ်သက်၍ ပြန်လည်မေးမြန်းကြသည်။

ကြက်ဆူပင်စိုက်ပျိုး

အဆိုပါ ကြက်ဆူပင် စိုက်ပျိုးပွဲတော်တွင် အမျိုးသမီးရေးရာအဖွဲ့ဝင် ၂၀၀ နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ၁၀၀ တို့က ကြက်ဆူမျိုးစေ့ ၁၀၀၀၀နှင့် ကိုင်းပျိုးပင် ၁၂၀၀ တို့ကို စိုက်ပျိုးကြသည်။

(ပြည်နယ် အမျိုးသမီးရေးရာ)



တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့နယ် ပြည်သူ့ဆေးရုံအနီးရှိ မြို့ရေပေးရေးအတွက် လေးလက်မ အစမ်းတွင်းတူးဖော်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြအေးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများတူးဖော်ပြီးစီးမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုး ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (၂၆၆)

ကျိုက်သလ္လံစေတီပြုပြင်ရန် ဆက်သွယ်လှူဒါန်းနိုင်

မော်လမြိုင် ဇန်နဝါရီ ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလ္လံစေတီတော် ပရိဝုဏ်အတွင်း၊ အပြင်ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ တည်ဆောက်မှုလုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလ္လံစေတီတော် ဖုန်း-၀၅၇-၂၁၃၃၄၊ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင် ဖုန်း-၀၅၇-၂၄၈၇၈နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

ဇန်နဝါရီ ၅ ရက်က ငပုတောမြို့ အနော်ရထာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်ကြီးများ ရောက်ရှိမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ငွေနှင့် တာဝန်ခံ အင်ဂျင်နီယာဦးသူရလွင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မီးသတ်စွမ်းရည်ပြိုင်ပွဲ ဓနုဖြူ၌ ဂုဏ်ပြုဆုချီးမြှင့်

ဓနုဖြူ ဇန်နဝါရီ ၈

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်မီးဘေးတားဆီးကာကွယ်ရေး ကြီးကြပ်မှုကော်မတီက မီးသတ်စွမ်းရည်ပြိုင်ပွဲနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ အခမ်းအနားသို့ မြို့နယ်မီးဘေး တားဆီးကာကွယ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ် ကွက် ၁၈ ရပ်ကွက်မှ အရန်မီးသတ် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆုများပေးအပ်

အခမ်းအနားတွင် မီးဘေးတားဆီးကာကွယ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံးစက်စွမ်း ရည်ပြသနိုင်ခဲ့ကြသော ရပ်ကွက်အရန်မီးသတ် တပ်ဖွဲ့များအား ဆုပေးအပ်ချီးမြှင့်ပြီး ထူးချွန်အရန်မီးသတ်တပ်ခွဲမှူးနှစ်ဦးအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

(၀၈၅)

ကျောက်တံခါးမြို့နယ် ကင်မွန်းအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဒီဇင်ဘာ ၁၅ ရက်က ယဉ်ကျေးမှုစာမေးပွဲ အောင်မြင်သူများအား ဆုချီးမြှင့်ခြင်းနှင့် ရှမ်းရိုးရာ ကောက်သစ်စားပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်ကြည်က ဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

ဘုရားကြီးကျေးလက်ဈေး မီးဘေးကြိုတင်ကာကွယ်

ပဲခူး ဇန်နဝါရီ ၃၁

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရားကြီးကျေးလက်ဈေး မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးဦးအောင်ရွှေထွန်းတို့သည် ဇန်နဝါရီ ၁၅ ရက်က ဈေးအတွင်း မီးချိတ်၊မီးကပ်၊သဲတိုင်ကီ၊ ရေတိုင်ကီထားရှိမှု၊ စားသောက်ဆိုင်များမှ မီးဖိုသုံးစွဲရာတွင် မီးကြွင်းမီးကျန်မရှိစေရေး၊ မီးသတ်ဆေးဘူးများ သုံးစွဲမှု၊ လျှပ်စစ်မီးကြိုး၊ ခလုတ်များ ဝါယာကြိုး အန္တရာယ်မဖြစ်စေရေး၊ ရေရရှိနိုင်မှု အခြေအနေများကို လိုက်လံစစ်ဆေးပြီး ဈေးခေါင်း၊ ဈေးအကျိုးဆောင်၊ ဈေးအရန်မီးသတ်တပ်ဖွဲ့က မြင်းကောင်ရေ ငါးကောင်အားရှိ ပွန်ဒါအပေါ်စား မီးသတ်စက်ဖြင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုကို ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

(မြို့နယ် စည်ပင်)

စလင်းမြို့ ခိုင်ရွှေဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်

စလင်း ဇန်နဝါရီ ၃၀

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခိုင်ရွှေဝါလမ်းကတ္တရာလမ်း သစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းခန့်က ကတ္တရာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံဆောင်ရွက်

အဆိုပါကတ္တရာလမ်းမှာ အရှည်ပေ ၈၂၀၊ အကျယ် ၁၂ ပေ ရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၈ သိန်းအကုန်အကျခံဆောင်ရွက်ခဲ့သည်။

(နယ်စပ်/ စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပြည်မြို့ ပြည်ရတနာ လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၆ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးခင်မောင်ချို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးမြတ်ဟန်ဝင်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

(၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲဆုပေးပွဲကို ဇန်နဝါရီ ၈ ရက်က တိုက်ကြီးမြို့နယ် ရုံးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာက ဆုရကလေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၇-၂-၂၀၀၆ (အင်္ဂါနေ့)
- ❑ Stylistics(3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ A Survey of Literary Theories(1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၈-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)
- ❑ A Survey of Literary Theories (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ A Survey of Literary Theories (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၉-၂-၂၀၀၆ (ကြာသပတေးနေ့)
- ❑ Teaching Drama(1)+(2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Teaching Drama (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၁၀-၂-၂၀၀၆ (သောကြာနေ့)
- ❑ Teaching Short Story (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Teaching Short Story (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၁-၂-၂၀၀၆ (စနေနေ့)
- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၁၂-၂-၂၀၀၆ (တနင်္ဂနွေနေ့)
- ❑ အဝေးသင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ချောင်းဆုံမြို့ ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စံပြစာကြည့်တိုက် အလုပ်ရုံဆွေးနွေး၊ ရည်ရွယ်ချက်များရှင်းလင်း

ချောင်းဆုံ ဇန်နဝါရီ ၂၀

ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စံပြစာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၄ရက်က ချောင်းဆုံမြို့နယ် မုရစ်ကလေး ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာစာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် စာကြည့်တိုက် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး စာကြည့်တိုက်နှင့် ပတ်သက်သော စာရင်းဇယားများကို စာကြည့်တိုက် ဖြစ်မြောက်ရေး ကော်မတီက ကျေးရွာဥက္ကဋ္ဌသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ယာပုံ)** မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလှူရှင်များ ဖြစ်ကြသော ဦးစိန်ဝင်းအောင်-ဒေါ်ထွေးရီ မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးခင်မောင်-ဒေါ်တင်အုန်းမိသားစုက ငွေကျပ်တစ်သိန်း ငါးသောင်း၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးမျိုးသိုက်က ငွေကျပ်ခြောက်သောင်း၊ ဦးကွန်းပါ-ဒေါ်မြငွေ မိသားစု(ဇေယျာမွန် ဖောင်ဒေးရှင်း)က ရုပ်မြင်သံကြားစက် တစ်လုံး၊ ဦးတင်အုန်း-ဒေါ်သင်းသင်းမွန် မိသားစုက ပလတ်စတစ်ထိုင်ခုံ ဆယ်လုံး၊ ဦးတင်ထွန်း၊ ဦးကျော်လှက တိုင်ကပ်နာရီနှစ်လုံး၊ စာအုပ်အလှူရှင် ၁၁ ဦးကိုယ်စား ဒေါက်တာသက်နိုင်က စာအုပ် ၁၄၄၉ အုပ်ကိုလှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ထွန်းက လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၂ လမ်း အမှတ် ၆၁ နေ မိခင်ကြီး ဒေါ်ကြင်စိန်၏ (၉၀)ပြည့် မွေးနေ့အထိမ်းမှတ် သားသမီး၊ မြေးမြစ်များက အထွေထွေ ငွေပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်မျိုးထွန်းတို့ ဇန်နဝါရီ ၁၅ရက်က ရုံးအဝင်လမ်းရှိ ရေပြွန်တံတားဆောင်ရွက်နေမှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

လှည်းကူးမြို့နယ်၌ ပထမပြန်စာမေးပွဲကျင်းပ

လှည်းကူး ဇန်နဝါရီ ၃၁

ရန်ကုန် (မြောက်ပိုင်းခရိုင်) လှည်းကူးမြို့နယ် ပရိယတ္တိသာသနနုဂ္ဂဟ အသင်းကြီး၏ ဆဋ္ဌမအကြိမ် ပထမပြန်စာမေးပွဲကို သြဝါဒစရိယ ရတနာဗိမာန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ ဆရာတော် ဦးဆောင်သော သြဝါဒစရိယဆရာတော်ကြီးများနှင့် လှည်းကူးမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မာလင်္ကာရ ဦးဆောင်သော နာယက ဆရာတော်ကြီးများ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၂၉ရက်က စတင်ကျင်းပရာ ယင်းစာမေးပွဲတွင် ပထမကြီးတန်း ၁၉ပါး၊ ပထမလတ်တန်း ၃၄ပါး၊ ပထမငယ်တန်း ၃၄ပါး နှင့် အခြေပြုမူလတန်း ၂၅ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် မင်္ဂလာလမ်းနေ (ခကြီး)အဆင့်မြင့် မြန်မာ့ထမင်းဆိုင်ပိုင်ရှင် ဦးအောင်ချွန်အားရည်စူး၍ သား ဦးဇော်ထွန်းအောင်-ဒေါ်နှင်းစုလှိုင်၊ ညီ ကိုအောင်သိန်းထွန်း မိသားစု တို့က အမှတ်(၃)ရပ်ကွက် သိမ်တော်ကြီးလမ်း ဇေယျာဝံသ ပရိယတ္တိစာသင်တိုက် အတွင်းရှိ ကရုဏာ လူမှုကူညီရေးအသင်း ဆေးပဒေသာပင် အတွက်တတိယအကြိမ် ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌဦးစိုးမြင့်က လက်ခံရယူစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

စပေါင်းထွန်ယက် ကောက်စိုက်ပြိုင်ပွဲဆုချီးမြှင့်

သရက်ချောင်း ဇန်နဝါရီ ၃၁

ထားဝယ်ခရိုင် သရက်ချောင်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဥတ္တုကျေးရွာတွင် နွေစပါးစပေါင်း ထွန်ယက်စိုက်ပျိုး ကောက်စိုက်ပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် ကြီးကြပ်မှုအဖွဲ့ဝင်များ၊ ကျေးရွာသူကျေးရွာသားများတက်ရောက်ကြသည်။

ဆုများချီးမြှင့်

ယင်းအခမ်းအနားတွင် ကျေးရွာကောက်စိုက်သမအဖွဲ့ လေးဖွဲ့ခွဲ၍ ပါဝင်ယှဉ်ပြိုင်ကြရာ ဆုရ ကောက်စိုက်သမအဖွဲ့ဝင်များအား ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် စိုက်ပျိုးရေးမန်နေဂျာ ဦးမင်းအေးကြည်တို့က ဆုများချီးမြှင့်ကြသည်။

အဆိုပါ ဥတ္တုကျေးရွာတွင် နွေစပါးဧက ၉၀ စိုက်ပျိုးထားပြီး ကျန်ရှိသည့် ကျေးရွာများတွင်လည်း ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာသို့ ဇန်နဝါရီ ၈ရက်က ဗိုလ်ချုပ်လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်အောင်သန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

သာစည် မြို့မဈေးကြီး၌ စုပေါင်းသန့်ရှင်း

သာစည် ဇန်နဝါရီ ၂၀

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ရက်က အမှုဆောင်အရာရှိ ဦးအောင်ကြိုင်၏ ကြီးကြပ်မှုဖြင့် စစ်ဆေးရေးမှူး(၄) (အနေးယာဉ်) ဦးတင်လှိုင်က ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အနေးယာဉ်လုပ်သားများစုပေါင်း၍ ရပ်ရှင်ရုံလမ်း၊ ဘူတာလမ်း၊ မြို့ပတ်လမ်းနှင့် မြို့မဈေးကြီးဝန်းကျင်တို့တွင် သန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဇန်နဝါရီ ၂၆ ရက်က ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းများပျိုးထောင်ထားမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် အင်ဂျင်နီယာများ ကြီးကြပ်ဆောင် ရွက် ပေးစဉ်။ (မြို့နယ် စည်ပင်)

မတ္တရာမြို့နယ်၌ လက်နှိပ်တုံကင်တွင်းတူးဖော်

မတ္တရာ ဇန်နဝါရီ ၂၀

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မတ္တရာမြို့နယ် ဟသ်ာကုန်းကျေးရွာတွင် တစ်လက်မခွဲ လက်နှိပ်တုံကင်တွင်းစတင်တူးဖော်ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မြန်မာ့အသံ

၆-၂-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မန္တလေးတိုင်း ကျေးလက်ဒေသများအတွက် ဘိုင်အိုဂက်စ်(စစ်) ထုတ်လုပ်မှုအကြောင်း)

၁၁:၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှုအကြောင်း-သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (စတုတ္ထတန်း-သင်္ချာ)

ညနေပိုင်း

၁၆:၄၅ ကျိုင်းတုံမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တည်ဆောက်မှုလုပ်ငန်းများ

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၇:၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (လင်ဇီးမှိုအကြောင်း သိကောင်းစရာ-စီဒီထန်-မှိုပညာရှင်)

၁၈:၂၅ ဟောပြောချက် (ကချင်ရိုးရာဂီတတူရိယာအကြောင်း)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမန်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ ရန်ကုန်တိုင်းမှ မောင်မိုးမင်းဇာတ်အဖွဲ့၏ ဝိဓူရဇာတ်တော်ကြီး(တတိယပိုင်း)

၂၀:၃၀ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ ရန်ကုန်တိုင်းမှ မောင်မိုးမင်းဇာတ်အဖွဲ့၏ ဝိဓူရဇာတ်တော်ကြီး(စတုတ္ထပိုင်း)

သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဇေက ငါးသိန်း ရန်ကုန်တိုင်း၌ ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းစိုက်ပျိုး ပဲခူးတပ်နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်ကျင်းပ

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ပဲခူးတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်တွင် ခြံစည်းရိုးကြက်ဆူပင်ကို ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းစစ်ဌာနချုပ် ပဲခူးတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ နယ်မြေခံတပ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ ပါဝင်ပျိုးထောင်စိုက်ပျိုးပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံ တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး၊ ပဲခူးတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်သန့်ဆွေနှင့်ဇနီး၊ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ကြိုးပမ်းစိုက်ပျိုး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ခြံစည်းရိုးကြက်ဆူပင်သည် *စာမျက်နှာ ၇ ကော်လံ ၁* ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သွင်းကုန်အစားထိုး ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းများ အမယ်စုံတိုးတက်ထုတ်လုပ်ရေး တီထွင်ကြံဆလုပ်ဆောင် စက်ဘီးများ ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူး

ရန်ကုန် ဖေဖော်ဝါရီ ၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောင် လိုက်ပါလျက် ယမန်နေ့ နံနက် ၉နာရီခွဲတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းက အကောင်အထည်ဖော်လျက်ရှိသော ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ စီမံကိန်း (မင်းစု)သို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မှာကြားသည်။

တီထွင်ကြံဆ

ရှေးဦးစွာ ဝန်ကြီးသည် (ပေ၂၀၀ X ပေ၂၀၀) ပင်မ အဆောက်အအုံ၏ မြို့ပြဆိုင်ရာ တည်ဆောက်ပြီးစီးမှုများနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာစက်များ တပ်ဆင်၊ စမ်းသပ်နေမှု၊ စက်ရုံမှ စမ်းသပ်ထုတ်လုပ်ဆဲ စတီးလ်ပစ္စည်းအမယ်များနှင့် ရှေ့ဆက်လက်ထုတ်လုပ်သွားမည့် စတီးလ်ပစ္စည်း အမယ်များကိုလည်းကောင်း၊ ဆက်လက်ပြီး တိုးချဲ့ထုတ်လုပ်သွားရန်လျာထားသည့် ဆေးရုံသုံးပစ္စည်းအမယ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သွင်းကုန်အစားထိုး ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းများအား အမယ်စုံတိုးတက်ထုတ်လုပ်သွားရေး တီထွင်ကြံဆကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပြုပြင်ထိန်းသိမ်းရေးဌာနသို့ ရောက်ရှိ ပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာစက်များ တပ်ဆင်ပြီးစီးမှုနှင့် စက်များစမ်းသပ်လည်ပတ်ထုတ်လုပ်မှုကိုလည်းကောင်း၊ ဖောက်စက်များ၊ မျက်နှာပြင်ချောစက်များ၊ ရွှေပေါ်ထိုးစက်များ၏ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ *

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံစီမံကိန်း (မင်းစု) တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဘီစီ(၁)ရာစုခန့်က ဂရိစာမူများ

ရှေးဟောင်းဂရိလူမျိုးတို့ ရေးသားခဲ့သည့် လက်ရေးစာမူများကို တွေ့ရစဉ်။ **(ယာပုံ)**

အဆိုပါ ရှေးဟောင်းဂရိလက်ရေးစာမူများကို ဂရိနိုင်ငံမြောက်ပိုင်း ကျေးရွာတစ်ရွာအနီး မြေအောက်ရှိ မံမီများထားရှိရာ ဂူတစ်ခုအတွင်းမှ တွေ့ရှိရခြင်းဖြစ်သည်။ ၎င်းလက်ရေးစာမူများသည် ဂရိတို့၏ ပထမဆုံး လက်ရေးစာမူများဖြစ်ပြီး ဘီစီ (၁)ရာစုခန့်က ရေးသားခဲ့ခြင်း ဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ခန့်မှန်းထားသည်။

(အေပီ)

ဒေါ်လာ လေးသန်းကျော်တန် ပန်းချီကား

နယူးယောက်မြို့တွင် ပြသထားသည့် ဒေါ်လာလေးသန်းကျော်တန် ပန်းချီကားတစ်ချပ်ကို တွေ့ရစဉ်။ **(ယာပုံ)**

အီတလီလူမျိုး စာပေနှင့်ပန်းချီပညာရှင် ဒိုနာတီလို ရေးဆွဲခဲ့သော ပန်းချီကားဖြစ်ပြီး မိခင်တစ်ဦးက သားငယ်ကိုပွေ့ချီထားသော ရုပ်ကြွပုံ လက်ရာမြောက် ပန်းချီကားဖြစ်သည်။ နယူးယောက်မြို့တွင် ပြီးခဲ့သည့်

သီတင်းပတ်က ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၄၄၄၀၀၀၀ ရရှိခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	
နမ့်စန်	